The Asia Foundation

# ဘတ်ဂျက်စိစစ်လေ့လာချက်အကျဉ်း

ဒီဇင်ဘာ ၂၀၁၉

ROGER SHOTTON

## ပိတ်သက်

## အဘယ့်ကြောင့် ဘတ်ဂျက်များမှာ အရေးကြီးပါသနည်း ?

ဘတ်ဂျက်များသည် အစိုးရ၏ မူဝါဒဦးစားပေးကိစ္စ အစစ်အမှန်များကိုဖော်ပြရာ၌ လက်ဆုပ်လက်ကိုင် အပြနိုင်ဆုံးသောအရာများ ဖြစ်ကြသည်။

ဘတ်ဂျက်နှင့် ပတ်သက်သည့် အစိုးရ၏ ဆုံးဖြတ်ချက်များလောက် အရေးကြီးသောဆုံးဖြတ်ချက်ဟူ၍ များစွာမရှိလှချေ။ အစိုးရများအနေဖြင့် မူဝါဒကြေညာချက်များနှင့် မူဝါဒစာတမ်းများထုတ်ပြန်သည့်တိုင် အစိုးရဘတ်ဂျက်များထဲတွင်သာ မူဝါဒဆုံးဖြတ်ချက်များ၏ လက်တွေ့အကျဆုံးသော ဖော်ပြချက်ကို မြင်တွေ့နိုင်သည်။

> "နှစ်စဉ်နှစ်တိုင်း အစိုးရသည် နောင်လာမည့်ဘဏ္ဍာရေးနှစ်အတွက် အခွန်ဝင်ငွေနှင့် အသုံးစရိတ်များဆိုင်ရာ ကြေညာချက်တစ်ခု ထုတ်ပြန်ပေးသည်။ အဆိုပါဘတ်ဂျက်သည် အစိုးရကြေညာချက်၊ မူဝါဒနှင့် ပန်းတိုင်များကို အခွန်မည်သို့ကောက်ခံမည်၊ တိုင်းပြည်၏ တန်းတူရည်တူ အရေးကြီးသော လိုအပ်ချက်များကို ပြည့်မီစေရန် အဆိုပါငွေများကို မည်သို့သုံးစွဲမည်ဟူသော ဆုံးဖြတ်ချက်များအဖြစ် အသွင်ပြောင်းပေးသည်။ ၎င်းဘတ်ဂျက်သည် နိုင်ငံတစ်နိုင်ငံအတွင်းရှိ ဘဝများစွာအပေါ် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း သက်ရောက်မှုရှိသည်။ အကြောင်းမှာ အစိုးရမှသုံးစွဲလိုက်သည့် ငွေကြေးသည် ပြည်သူလူထု (အထူးသဖြင့် ဆင်းရဲနွမ်းပါးပြီး လျစ်လျူရှုခံထားရသော ပြည်သူလူထု) ၏ လိုအပ်ချက်များကို ပြည့်မီအောင် ဆောင်ရွက်ပေးမည့် စွမ်းအားအကြီးဆုံး စီးပွားရေးကိရိယာဖြစ်သောကြောင့်ပင် ဖြစ်သည်။"
>
> အပြည်ပြည်ဆိုင်ရာ ဘတ်ဂျက်မိတ်ဖက် အဖွဲ့အစည်း

အဆိုပါဆုံးဖြတ်ချက်များသည် ငွေကြေးသုံးစွဲမှုစီမံကိန်းများ၊ ရွေးချယ်ထားသော ဦးစားပေးကိစ္စရပ်များနှင့်သာမက မရွေးချယ်ထားသည့် ကိစ္စရပ်များနှင့်ပါ တန်းတူညီမျှ အရေးကြီးစွာဆက်စပ်လျက်ရှိပြီး၊ နိုင်ငံသားများနှင့် စီးပွားရေးလုပ်ငန်းများမှ ပေးဆောင်သည့်အကောက်ခွန်များ၊ အခြားသော ဝင်ငွေများမှနေ၍ အဆိုပါစီမံကိန်းများနှင့် ဦးစားပေးကိစ္စများကို ဘဏ္ဍာငွေထောက်ပံ့မည့် အစီအမံများနှင့်ပါ ပတ်သက်လျက်ရှိသည်။

## ဘတ်ဂျက် စိစစ်လေ့လာမှုသည် အဘယ့်ကြောင့် အရေးကြီးပါသနည်း ?

ကဏ္ဍအသီးသီးရှိ အစိုးရကြေညာထားသည့် မူဝါဒဦးစားပေး ကိစ္စရပ်များကို မည်မျှကောင်းစွာ စီမံကိန်းရေးဆွဲပြီး အကောင်အထည်ဖော်လျက်ရှိသော အချက်နှင့် ယင်းနောက်ကွယ်မှ ငွေကြေးအသုံးပြုမှု အရည်အသွေးကို ဆန်းစစ်လေ့လာရန်အတွက် ဘတ်ဂျက်များအား စိစစ်လေ့လာရန်မှာ မဖြစ်မနေ လိုအပ်ပါသည်။

## ဘတ်ဂျက် စိစစ်လေ့လာမှု၏ ရည်ရွယ်ချက်

အစိုးရဘတ်ဂျက်များသည် ပြည်သူ့ရေးရာမူဝါဒ၏ လက်ဆုပ်လက်ကိုင်အပြနိုင်ဆုံးသော အရာများဖြစ်သည့်အလျောက် မူဝါဒလမ်းကြောင်းနှင့် မူဝါဒ အကောင်အထည်ဖော်မှု အရည်အသွေးတို့ကို ဆန်းစစ်လေ့လာရန်အလို့ငှာ အစိုးရအဖွဲ့အတွင်းနှင့်အပြင်တို့ရှိ သက်ဆိုင်သူများအားလုံးအတွက် ယင်းတို့ကို နားလည်နိုင်ရန်နှင့် စိစစ်လေ့လာနိုင်ရန်မှာ အရေးကြီးပါသည်။ အဆိုပါစိစစ်လေ့လာမှုကို ပြည်သူ့ဘဏ္ဍာသုံးစွဲမှု အဆင့်အတန်းနှင့် အရည်အသွေးတို့အပေါ် များစွာမှီခိုလျက်ရှိသော ဒေသန္တရအခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုပေးအပ်ခြင်း အစရှိသော မူဝါဒရေးရာ နယ်ပယ်များအတွင်း အသုံးပြုပါသည်။

နှစ်ပေါင်းများစွာ မြန်မာနိုင်ငံတွင် ဘတ်ဂျက်များနှင့်တကွ မည်သည့်ကိစ္စတွင် ငွေကြေးသုံးစွဲသည်ဟူသော ဆုံးဖြတ်ချက်များသည် ပဟေဠိဆန်စွာ ဖုံးကွယ်လျက်ရှိပြီး၊ ဘတ်ဂျက်များသည်လည်း ပြည်သူလူထုအတွက် ထိထိရောက်ရောက် သို့မဟုတ် သာတူညီမျှအကျိုးပြုနိုင်ခြင်း မရှိပေ။ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များကို အောင်မြင်စွာပြုပြင်ပြောင်းလဲနိုင်ရေးအတွက် စမှတ်မှာ မူဝါဒချမှတ်သူများ၊ နိုင်ငံရေးဇာတ်ကောင်များ၊ အလှူရှင်များ၊ အရပ်ဖက်အဖွဲ့အစည်းနှင့် အခြားသက်ဆိုင်သူများအနေဖြင့် ဘတ်ဂျက်လုပ်ငန်းစဉ်များနှင့် အကျိုးဆက်များကိုသိနားလည်ပြီး၊ ပြုပြင်ပြောင်းလဲရေး၏ သက်ရောက်မှုကို တိုင်းတာနိုင်စရာ အထောက်အထားရှိရန် လိုအပ်ပါသည်။

ဘတ်ဂျက်များကိုစိစစ်ရန် လိုအပ်ချက်နှင့် အခွင့်အလမ်းများသည် များမကြာမီနှစ်များအတွင်း ပိုမိုကျယ်ပြန့်လာခဲ့သည်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ရွေးကောက်ခံပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ ထူထောင်လိုက်ခြင်းသည် မြန်မာနိုင်ငံအတွက် အလွန်တရာမှ အရေးပါလှသော ခြေလှမ်းတစ်ရပ်ဖြစ်သည်။ စတင်ဖွဲ့စည်းချိန်မှစ၍ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ ဘတ်ဂျက်များသည် အရွယ်အစားပမာဏအားဖြင့် သုံးဆနီးပါး တိုးပွားလာခဲ့ပြီး ယင်းအစိုးရများအနေဖြင့်လည်း အဆိုပါငွေများကို မည်ကဲ့သို့အသုံးချမည်ကို ကိုယ်ပိုင်လွတ်လပ်ခွင့်ဖြင့် ဆောင်ရွက်လျက်ရှိကြပါသည်။ ဘတ်ဂျက်ဆိုင်ရာ ဆုံးဖြတ်ချက်ပြုလုပ်ခြင်းကို ပိုမိုအားကောင်းအောင် ပြုလုပ်ပေးရန် လိုအပ်လျက်ရှိသည်ကို လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း ပြည်ထောင်စုအစိုးရမှ အသိအမှတ်ပြုလာခဲ့သည်။ NLD အနေဖြင့်လည်း ဒေသန္တရမြို့နယ်အဆင့်မှ ရေးဆွဲပေးလိုက်သည့် စီမံကိန်းရေးဆွဲရေး လျှောက်လွှာများအပေါ် အခြေခံ၍ ဘတ်ဂျက်သုံးစွဲမှု၏ ကြီးစွာသောပမာဏတစ်ရပ်ကို သုံးစွဲသည့်အောက်ခြေမှအထက် စီမံကိန်းရေးဆွဲရေးစနစ်ကို ကျင့်သုံးလာရုံမက ဘတ်ဂျက် ပွင့်လင်းမြင်သာမှု ရှိစေရေးကိုလည်း များစွာအလေးထား ဆောင်ရွက်လာခဲ့သည်။

## ဘတ်ဂျက် စိစစ်လေ့လာမှု၏ အရေးကြီးပုံ

သက်ဆိုင်ရာ ပုဂ္ဂိုလ်များအားလုံးအနေဖြင့် ဘတ်ဂျက်များ၊ ငွေကြေးသုံးစွဲမှု အရည်အသွေးတို့နှင့် စပ်လျဉ်းသည့် အောက်ပါ မေးခွန်းအမျိုးအစားများကို စဉ်းစားသင့်သည်။

### ထိရောက်မှု

အသုံးပြုလိုက်သော ငွေသည် ကျပ်ငွေတစ်ထောင်ချင်းစီ အလိုက် အကြီးမားဆုံးသက်ရောက်မှု ရရှိနေပါ၏လော။ သို့တည်းမဟုတ် မလိုအပ်ဘဲဖြုန်းတီးမှု သို့မဟုတ် ထပ်တလဲလဲ သုံးစွဲမှု ရှိနေပါသလော။ ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုများ အတွက် သင့်တင့်ကောင်းမွန်သော ပြင်ဆင်မှုနှင့် ကုန်ကျမှုရှိပါသလော။ အစိုးရပိုင် ပစ္စည်းများကို ကောင်းမွန်စွာ လည်ပတ်သုံးစွဲမှုနှင့် ထိန်းသိမ်းမှု ရှိပါသလော။ ဘတ်ဂျက်ကျထားသည့် လုပ်ငန်းစဉ် များအတွက် ခွဲတမ်းချပေးသည့် ရန်ပုံငွေများကို အမှန်တကယ် သုံးစွဲမှု ရှိပါသလော။ အကယ်၍ မရှိပါက မည်သည့်နေရာများ တွင် ကြန့်ကြာနေပါသနည်း။

### အကျိုးသက်ရောက်မှု

နိုင်းရ ကဏ္ဍအလိုက် ငွေကြေးသုံးစွဲမှု ပုံသဏ္ဍာန်လမ်းကြောင်းများသည် နိုင်းရ နိုင်ငံတော်မူဝါဒ ဦးစားပေး ကိစ္စရပ်များနှင့် တညီတညွတ်တည်းရှိပါလော။ ပြည်နယ်များ/ တိုင်းဒေသကြီးများ သို့မဟုတ် မြို့နယ်များကြားရှိ အဆိုပါ ပုံသဏ္ဍာန်လမ်းကြောင်းများတွင် ကွာဟချက်များ ရှိပါသလော။ ငွေကြေးသုံးစွဲမှုဆိုင်ရာ ပုံသဏ္ဍာန်လမ်းကြောင်းများသည် မတူညီသော ဒေသန္တရ အခြေအနေများတွင်ရှိသည့် မတူညီသောဒေသန္တရ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိပါ၏လော။

### သာတူညီမျှ

နယ်မြေဒေသအလိုက် ငွေကြေးသုံးစွဲမှု ပုံသဏ္ဍာန် လမ်းကြောင်းများသည် ‘မျှတမှု’ ရှိပါသလော။ မတူညီသော ကဏ္ဍများအတွက် တစ်ဦးကျစီ ငွေကြေးသုံးစွဲမှုကြား ကွာဟချက်များသည် ပြည်နယ်များ / တိုင်းဒေသကြီးများကြား၊ မြို့နယ်များကြားနှင့် ကျေးရွာအုပ်စုများကြားရှိ မတူညီသော နိုင်းရ ဆင်းရဲမွဲတေမှုနှင့် ချို့တဲ့မှုအဆင့်များကို ထင်ဟပ်လျက်ရှိပါ၏လော။

### ပွင့်လင်းမြင်သာမှု

ကောင်းစွာ မှတ်တမ်းပြုစုထားပြီး အစိုးရအဖွဲ့တွင်းတွင် သာမက နိုင်ငံသားများနှင့် အရပ်ဖက်အဖွဲ့အစည်းဘက်မှပါ စစ်ဆေးမှုနှင့် တာဝန်ခံမှု ပြုလုပ်နိုင်သည့် ရှင်းလင်းတိကျသော အခြေခံတစ်ရပ်ပေါ်တွင် ဘတ်ဂျက်ဝင်ငွေနှင့် သုံးစွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များကို ပြုလုပ်နေပါသလော။

## အရပ်ဘက် လူ့အဖွဲ့အစည်းအတွက် အရေးကြီးပုံ

အရပ်ဖက်အဖွဲ့အစည်းမှ ဇာတ်ကောင်များအနေဖြင့် မူဝါဒရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အစိုးရနှင့် ထိတွေ့လုပ်ကိုင်ရာတွင် အပြုသဘောဆောင်သောအခန်းကဏ္ဍမှ ဆောင်ရွက်မည်ဆိုပါက ယေဘုယျဆန်ဆန် အရေးဆိုဆောင်ရွက်ပုံနည်းလမ်းတစ်ခုတည်းဖြင့် လုံလောက်မည်မဟုတ်ပေ။ ယုံကြည်စိတ်ချရပြီး အပြုသဘောဆောင်မှုရှိစေရန်နှင့် နယ်ပယ်မျိုးစုံရှိ ၎င်း၏ငွေကြေးသုံးစွဲ အရည်သွေးပြည့်မီစေရန်၊ ထိရောက်မှုရှိစေရန်နှင့် သာတူညီမျှရှိစေရန်အတွက် အစိုးရကိုတာဝန်ခံစေရာတွင် ယင်းဇာတ်ကောင်များအနေဖြင့် တိကျသေချာသော ဘတ်ဂျက်အရေးကိစ္စများနှင့် စပ်လျဉ်း၍ အစိုးရကို အသိပေးသည့် ပုံစံတစ်ရပ်ဖြင့် ထိတွေ့ဆောင်ရွက်နိုင်ရန်နှင့် စစ်ဆေးနိုင်ရန်လည်း လိုအပ်ပါသည်။

အထူးသဖြင့် တက္ကသိုလ်များ၊ သုတေသနအဖွဲ့အစည်းများ၊ သတင်းမီဒီယာနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များ အားလုံးတို့သည် နယ်ပယ်အသီးသီးတွင် အပြုသဘောဆောင်သော အခန်းကဏ္ဍများမှ ဆောင်ရွက်နိုင်စေဖို့ရာ အစိုးရ၏ အခွန်ဝင်ငွေရှာဖွေမှုနှင့် ကဏ္ဍပေါင်းစုံတွင် အသုံးပြုခြင်းကို ခြေရာခံနိုင်ခြင်း၊ ဆန်းစစ်နိုင်ခြင်းဖြင့် တရားဝင် အကျိုးစီးပွားတစ်ရပ် ရှိနေပါသည်။ အရပ်ဖက်အဖွဲ့အစည်း၏ နောက်ထပ်ကဏ္ဍတစ်ရပ်မှာ အစိုးရကိုယ်တိုင်ကို ဘတ်ဂျက်နှင့် အခြားသော ဒေတာစိစစ်လေ့လာချက်များကို ၎င်း၏မူဝါဒများနှင့် ဘတ်ဂျက်စီမံကိန်းများရေးဆွဲရာ၌ အသုံးပြုလာစေရေးအတွက် တိုက်တွန်းကူညီပေးရန် ဖြစ်ပါသည်။

ယင်းကိစ္စရပ်များအားလုံးအတွက် ဘတ်ဂျက်ဆိုင်ရာ သတင်းအချက်အလက်များရရှိရန်နှင့် အရပ်ဖက်အဖွဲ့အစည်း ဇာတ်ကောင်များအနေဖြင့် ဘတ်ဂျက်ဆိုင်ရာ ကိစ္စများကို သိမြင်နားလည်မှုရှိနေစေရန် လိုအပ်ပါသည်။

## အစိုးရအတွက် အရေးကြီးပုံ

အစိုးရအဖွဲ့အတွင်းတွင် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်များမှ မူဝါဒချမှတ်သူများနှင့် ရွေးကောက်ခံ ကိုယ်စားလှယ်များအနေဖြင့် ဌာနပေါင်းစုံမှ အခွန်ဝင်ငွေကောက်ခံမှုနှင့် သုံးစွဲမှုဆိုင်ရာ ပုံသဏ္ဌာန်များနှင့် လမ်းကြောင်းများကို နားလည်နိုင်ရန် လိုအပ်ပါသည်။ ၎င်းအရာရှိများအနေဖြင့် ကဏ္ဍအလိုက် သင့်တင့်လျောက်ပတ်မှုနှင့် မူဝါဒဦးစားပေးမှုများအလိုက် ပိုင်းခြားထားသော ငွေကြေးသုံးစွဲမှုစီမံကိန်းများကို ဆန်းစစ်လေ့လာနိုင်ရန်၊ ယင်းကိစ္စရပ်များ၏ အကောင်အထည်ဖော်မှုကို ဆန်းစစ်လေ့လာနိုင်ရန်နှင့် အဆိုပါ ဆန်းစစ်လေ့လာမှုများကို နောင်လာမည့် မူဝါဒ၊ ငွေကြေးသုံးစွဲမှုနှင့် အခွန်ဝင်ငွေ ကောက်ခံရေးလမ်းကြောင်းများကို ညွှန်ကြားချက်ပေးရေးတွင် အသုံးပြုနိုင်ရန် လိုအပ်ပါသည်။

# မြန်မာနိုင်ငံ ဘတ်ဂျက်များဆိုင်ရာ အခြေခံမိတ်ဆက်

## ဘဏ္ဍာငွေ လွှဲပြောင်းထောက်ပံ့မှုများ၏ယေဘုယျ အခန်းကဏ္ဍ

- တရားဝင်မူဘောင်တွင် ဘတ်ဂျက်အဆင့်များမှာ ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးတို့သာရှိပြီး ၎င်းတို့ တစ်ခုချင်းစီ၏ အခွန်ဝင်ငွေ အာဏာများနှင့် ငွေကြေးသုံးစွဲမှု တာဝန်များကိုလည်း သတ်မှတ်ပေးထားသည်။ မြို့တော်စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်အဖွဲ့များအတွက် ဘတ်ဂျက်များကို ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်များတွင်သာ ထည့်သွင်းထားပြီး ယင်းတို့၏အစိတ်အပိုင်းအနေဖြင့်သာ အတည်ပြုပေးသည်။
- လွှတ်တော်၏ အဆင့်တစ်ခုချင်းစီမှ 'ဘဏ္ဍာရေးနှစ်၏ ခန့်မှန်းခြေစာရင်း' ကို နှစ်စဉ်အတည်ပြုပေးပြီး နောက်ပိုင်းတွင် ၎င်းကို "နှစ်လယ် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်း" အဖြစ်ပြောင်းလဲကာ နှစ်ကုန်ပြီးနောက် အချိန်အနည်းငယ်အကြာတွင် အဆုံးသတ်ဘတ်ဂျက်ကို အမှန်တကယ် ဘတ်ဂျက်ဝင်ငွေများ၊ အသုံးစရိတ်များနှင့်တကွ ရေးဆွဲသည်။

### ဘတ်ဂျက်အဆင့်များ

ဘတ်ဂျက်ရေးဆွဲရေးဆိုင်ရာ တရားဝင်မူဘောင်ကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန (MoPF) ၏ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း (၂၀၁၆) တို့မှ အဓိကပုံဖော်ပေးသည်။ ပြည်ထောင်စုဘတ်ဂျက် ဝင်ငွေများနှင့် အသုံးစရိတ်များကို မှတ်တမ်းတင်သည့် ပြည်ထောင်စုဘတ်ဂျက်နှင့် အထူးအုပ်ချုပ်ခွင့်ရဒေသအချို့မှအပ ယင်းမူဘောင်သည် ပြည်ထောင်စုအောက်တစ်ဆင့်ခံ အစိုးရ ဘတ်ဂျက်အဆင့်တစ်ခုသာ သတ်မှတ်ပေးထားပြီး ၎င်းမှာ ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်များပင် ဖြစ်သည်။ ခရိုင် (သို့) မြို့နယ် (သို့) ကျေးရွာအုပ်စု အစိုးရ ဘတ်ဂျက်များဟူ၍ မရှိပေ။

ပြည်နယ်များ/တိုင်းဒေသကြီးများသို့ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အပ်နှင်းထားသည့် တာဝန်များနှင့်ဆိုင်သည့် အခွန်ဝင်ငွေများနှင့် အသုံးစရိတ်များအားလုံးကို ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်များတွင် မှတ်တမ်းတင်သည်။ ဤတွင် ရန်ကုန်နှင့် မန္တလေး မြို့တော်စည်ပင်သာယာရေး ကော်မတီများနှင့်

စည်ပင်သာယာရေး အဖွဲ့အစည်းများ (DAOs) ၏ အခွန်ဝင်ငွေများနှင့် အသုံးစရိတ်များလည်း အပါအဝင်ဖြစ်သည်။ ၎င်းတို့အတွက် ဘတ်ဂျက်များကို ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်များတွင်သာ ထည့်သွင်းထားပြီး ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်များ၏ အစိတ်အပိုင်းအနေဖြင့်သာ အတည်ပြုပေးသည်။

## ဘတ်ဂျက်ပြက္ခဒိန်နှင့် ဘတ်ဂျက်အမျိုးအစားများ


များမကြာသေးမီက ပြုလုပ်ခဲ့သည့် အပြောင်းအလဲအရ ဖော်ပြပါအဆင့်နှစ်ခုလုံးအတွက် ဘတ်ဂျက်နှစ်ကို အောက်တိုဘာ ၁ ရက်နေ့မှ စက်တင်ဘာ ၃၀ ရက်နေ့အထိ သတ်မှတ်လိုက်သည်။ ဘတ်ဂျက်နှစ်အတွင်း ပြင်ဆင်သည့်အနေဖြင့် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် ဘတ်ဂျက်အဆိုပြုလွှာများရေးဆွဲပြီး လွှတ်တော်ပြည်သူ့ငွေစာရင်းကော်မတီနှင့် အဆင့်နှစ်ခုလုံးရှိ လွှတ်တော်တစ်ရပ်လုံးမှ ဥပဒေအဖြစ်မပြဋ္ဌာန်းမီ ဥပဒေပြုရေးဆိုင်ရာ သုံးသပ်အတည်ပြုမှုပြုလုပ်နိုင်ရန် လွှတ်တော်သို့တင်သွင်းသည်။ အဆိုပါပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်ဥပဒေများနှင့် ပူးတွဲ ပါဝင် လာသည်မှာ "ဘဏ္ဍာရေးနှစ်၏ ခန့်မှန်းခြေစာရင်း" (BE) ဟု ရည်ညွှန်းခေါ်ဆိုသည့် နှစ်စဉ်အခွန်ဝင်ငွေနှင့် ငွေကြေးသုံးစွဲမှုစီမံကိန်းများဖြစ်ကြသည်။

ဘတ်ဂျက်နှစ်အတွင်း ဘတ်ဂျက်အသုံးပြုရာ၌ လျာထားချက်ပါ အခွန်ဝင်ငွေကောက်ခံမှု၊ ငွေကြေးသုံးစွဲမှုစီမံကိန်းများတို့မှ သွေဖီမှုများ သိသိသာသာ ဖြစ်ပေါ်လာပါက အဆိုပါပြောင်းလဲမှုများကို ထောက်ပံ့ပေးနိုင်ရန်အတွက် "ပြုပြင်ပြီးခန့်မှန်းခြေစာရင်း" (RE) တစ်ခုကို အစိုးရအဆင့်တစ်ခုချင်းစီမှ ပြင်ဆင်ရေးဆွဲပြီး သက်ဆိုင်ရာလွှတ်တော်များမှ အတည်ပြုပေးသည်။

ဘတ်ဂျက်နှစ်ကုန်ဆုံးပြီးသည့်နောက် ရှိသမျှ ဦးစီးဌာနများအားလုံးတွင် အဆုံးသတ်ဝင်ငွေနှင့် သုံးငွေ အစီရင်ခံစာများကို ပေါင်းရုံးကာ အမှန်တကယ် ကောက်ခံရရှိသည့် အခွန်ဝင်ငွေများနှင့် သုံးစွဲသည့်အသုံးစရိတ်များပါဝင်သည့် "ဘတ်ဂျက် ရလဒ်" ကို ဖော်ပြပေးနိုင်ရန် "ဘတ်ဂျက် အမှန်စာရင်း" (A) တစ်ရပ်ကို ရေးဆွဲသည်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်များတွင် ဘတ်ဂျက်နှစ်တစ်ခုချင်းစီတိုင်းအတွက် အဓိက ဘတ်ဂျက်ထုတ်ပြန်ကြေညာချက် သို့မဟုတ် အစီရင်ခံစာ ၃ ခုစီ ရှိသည်။ နှစ်အစတွင် BE၊ နှစ်လယ်အတွက် RE နှင့် နှစ်ကုန်ပြီးနောက် အချိန်အနည်းငယ်အကြာတွင် A ဟူ၍ ဖြစ်သည်။

**ပုံ ၁ လက်ရှိ ဘဏ္ဍာရေးနှစ်၏ ဘတ်ဂျက် ထုတ်ပြန်ချက် စက်ဝန်း (အောက်တိုဘာ ၁ –စက်တင်ဘာ ၃၀)**




## ဘတ်ဂျက်အုပ်စုများ

အစိုးရနှစ်ဆင့်လုံးတွင် ငွေကြေးသုံးစွဲမှုအတွက် ဘတ်ဂျက်ကို "သာမန်" နှင့် "ငွေလုံးငွေရင်း" ဘတ်ဂျက်ဟူ၍ နှစ်ပိုင်းခွဲထားသည်။ သာမန် ဘတ်ဂျက်များတွင် ဝန်ထမ်းများအတွက် အသုံးစရိတ်အပြင် လုပ်ငန်းဆောင်ရွက်မှုနှင့် (ဆေးဝါး၊ စာအုပ်၊ လောင်စာ၊ လျှပ်စစ် စသည်တို့ အပါအဝင်) အသုံးအဆောင်ပစ္စည်းများ ထိန်းသိမ်းမှုအတွက် အသုံးစရိတ်ကိုပါ မှတ်တမ်းတင်သည်။ ငွေလုံးငွေရင်း ဘတ်ဂျက်များတွင်မူ အဆောက်အဦးများ၊ အခြေခံ အဆောက်အအုံနှင့် ပစ္စည်းကိရိယာ အစရှိသည့် အစိုးရပိုင် ပစ္စည်းများအတွက် ရင်းနှီးမြှုပ်နှံမှုများတွင် ငွေကြေးသုံးစွဲခြင်းကို မှတ်တမ်းတင်သည်။ သာမန် ဘတ်ဂျက်ဆိုင်ရာ စီမံကိန်းများသည် MoPF ၏ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အုပ်ချုပ်ရေး အာဏာပိုင်လက်အောက်တွင်ရှိပြီး၊ ငွေလုံးငွေရင်း ဘတ်ဂျက်ဆိုင်ရာ စီမံကိန်းများမှာမူ MoPF ၏ စီမံကိန်းရေးဆွဲရေးဦးစီးဌာန အုပ်ချုပ်ရေးအာဏာပိုင် လက်အောက်တွင် ရှိသည်။

## ဌာနဆိုင်ရာတာဝန်များ

အခွန်ဝင်ငွေ ကောက်ခံမှုနှင့် ငွေကြေးသုံးစွဲမှု တာဝန်နှစ်မျိုးလုံးကို ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ (ဇယား ၁၊ ၂ နှင့် ၅) နှင့် အခြားသော ကဏ္ဍဆိုင်ရာဥပဒေများ၊ ကြီးကြပ်ရေး နည်းလမ်းကိရိယာများ အပေါ်အခြေခံ၍ ပြည်ထောင်စုအဆင့်တွင် သော်လည်းကောင်း၊ ပြည်နယ်/တိုင်းဒေသကြီး အဆင့်တွင်သော်လည်းကောင်း၊ မတူညီသော ဝန်ကြီးဌာနများလက်အောက်ရှိ ဦးစီးဌာနများသို့ လွှဲအပ်ထားသည်။

## ‘ဘတ်ဂျက်မဟုတ်သော’ နှင့် ‘ဘတ်ဂျက်ပြင်ပ’ ငွေကြေးသုံးစွဲမှု

**ဇယား ၁ သာမန်နှင့် ငွေလုံးငွေရင်း ဘတ်ဂျက်သုံးစွဲမှုများ**

| သာမန်ဘတ်ဂျက် | ငွေလုံးငွေရင်းဘတ်ဂျက် |
|---|---|
| • ဝန်ထမ်း လစာ၊ လုပ်ခနှင့် သက်ဆိုင်ရာ ကုန်ကျစရိတ်များ<br>• ဝန်ထမ်း ခရီးသွားလာမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများ<br>• လျှပ်စစ်၊ ရေ၊ လောင်စာ<br>• လက်ငင်းအသုံးပြုစရာများ (စာသင်ကျောင်းနှင့် ဆေးရုံသုံး ပစ္စည်းများ၊ ရုံးသုံး ပစ္စည်းများ စသည်ဖြင့်)<br>• ပုံမှန်ပြင်ဆင်မှုများနှင့် အခြေခံ အဆောက်အအုံ ထိန်းသိမ်းမှု<br>• ကျပ်ငွေ ၁ သန်းတန်အောက် အခြားသော ပစ္စည်းများ | • အဆောက်အအုံများ – ဆောက်လုပ်ရေးနှင့် အကြီးစား ပြင်ဆင်မှု<br>• လမ်း၊ လျှပ်စစ်၊ ရေနှင့် အခြား အခြေခံ အဆောက်အအုံ – ဆောက်လုပ်ရေးနှင့် အကြီးစား ပြင်ဆင်မှု<br>• ယာဉ်နှင့် ပစ္စည်းကိရိယာများ<br>• ၁ နှစ်ထက်ပို၍ အသုံးခံနိုင်ပြီး၊ ကျပ်ငွေ ၁ သန်း အထက် တန်ဖိုးရှိ အခြားပစ္စည်းများ အားလုံး |

ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်များတွင် အသုံးပြုရန် ရည်ရွယ်ချက်ရှင်းလင်းစွာ သတ်မှတ်ထားခြင်းမရှိဘဲ ခွဲတမ်းချမှုများ ရှိနေနိုင်ပါသည်။ ပြည်ထောင်စုဘတ်ဂျက်တွင် အထွေထွေ ထိန်းသိမ်းရေးရန်ပုံငွေအတွက် ခွဲတမ်းတစ်ရပ်ပါဝင်လျက်ရှိရာ ၎င်းကို ဘတ်ဂျက်နှစ်အတွင်း ဝန်ကြီးဌာနအချင်းချင်းကြား ညှိနှိုင်း၍သုံးစွဲနိုင်သည်။ ယင်းကို MoPF လက်အောက်ရှိ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနမှ “ဘတ်ဂျက်မဟုတ်သော” ငွေကြေးသုံးစွဲမှုဟူ၍ ရည်ညွှန်းခေါ်ဝေါ်သည်။ အလားတူပင် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်များတွင် တူညီသောညှိနှိုင်းဆောင် ရွက်မှုမျိုးဖြင့် အသုံးပြုနိုင်သည့် ဝန်ကြီးအဖွဲ့စာရင်းအတွက် ခွဲတမ်းများပါရှိသည်။ အဆိုပါ ကျင့်ထုံးနှစ်ရပ်လုံးကြောင့် တာဝန်ခံမှုပိုင်းဆိုင်ရာပြဿနာများ ပေါ်ပေါက်လာနိုင်စရာရှိသည်။

သို့သော်လည်း နောက်ဆုံးတစ်ခုအနေဖြင့် မှတ်သားရန်လိုအပ်သည်မှာ အခွန်ဝင်ငွေကောက်ခံမှု၊ အများပြည်သူ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများဆိုင်ရာ ငွေကြေးသုံးစွဲမှုများ အားလုံးတို့ကို အစိုးရဘတ်ဂျက်များတွင် မြင်တွေ့ရလိမ့်မည် မဟုတ်ပေ။ ရပ်ရွာအစုအဖွဲ့များ (သို့) လူပုဂ္ဂိုလ်များ (သို့) လုပ်ငန်းအဖွဲ့အစည်းများ (သို့) NGO များ (သို့) ဖွံ့ဖြိုးရေး မိတ်ဖက်များ) မှ ဒေသန္တရ အခြေခံအဆောက်အအုံ သို့မဟုတ် ဝန်ဆောင်မှုအတွက် ပြုလုပ်သော “ဘတ်ဂျက် ပြင်ပ” ရန်ပုံငွေထောက်ပံ့မှုသည် တစ်ခါတစ်ရံ ပမာဏကြီးမားနိုင်ပြီး တရားဝင်မှတ်တမ်းတင်ခြင်း သို့မဟုတ် အစီရင်ခံခြင်းတို့ မပြုလုပ်သည့်အတွက် တစ်ချိန်ချိန်တွင် “တာဝန်ခံမှု” ပြဿနာများသို့ ဦးတည်သွားနိုင်စရာရှိသည်။

## မည်သည့်ဘတ်ဂျက်စာစောင်များကို ထုတ်ဝေပြီး ၎င်းတို့ကို အများပြည်သူမှ ကြည့်ရှုနိုင်ပါသလား



### ပြည်ထောင်စုအဆင့်

ပြည်ထောင်စုအဆင့်တွင် နှစ်စဉ်ဘတ်ဂျက် ဥပဒေများကို နောင်လာမည့်နှစ်အတွက် “ဘတ်ဂျက် လျာထားချက်” (သို့မဟုတ်) စီမံကိန်းနှင့်ပူးတွဲ၍ ယခုအခါ အများပြည်သူသို့ ထုတ်ပြန်လျက်ရှိသည်။ Citizens’ Budget များ ထုတ်ပြန်ရာတွင် ယင်းတို့ကို ရှင်းလင်းလွယ်ကူသည့် ပုံစံတစ်ရပ်ဖြင့် ဖော်ပြပေးသည်။ တဆက်တည်း ထွက်ပေါ်လာသည့် နှစ်လယ် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းများနှင့်အတူ လေးလတစ်ကြိမ်နှင့် နှစ်အလိုက် အမှန်တကယ် ငွေကြေးသုံးစွဲသည့် အစီရင်ခံစာများကိုလည်း အများပြည်သူသို့ ထုတ်ပြန်ပေးသည်။



### ပြည်နယ်/တိုင်းဒေသကြီးအဆင့်

ပြည်နယ်/တိုင်းဒေသကြီးအဆင့်များတွင် နှစ်စဉ် ဘတ်ဂျက်ဥပဒေများကို နောင်လာမည့်နှစ် အတွက် “ဘတ်ဂျက် လျာထားချက်” သို့မဟုတ် စီမံကိန်းနှင့်ပူးတွဲ၍ မူအားဖြင့် အများပြည်သူသို့ ထုတ်ပြန်လျက်ရှိသော်လည်း လက်လှမ်းမီနိုင်ခြင်း ရှိမရှိမှာ အမြဲတစေ သေချာမှုမရှိပေ။ Citizens’ Budget များ ထုတ်ပြန်ရာတွင် ယင်းတို့ကို ရှင်းလင်းလွယ်ကူသည့် ပုံစံ တစ်ရပ်ဖြင့် ဖော်ပြပေးသည်။ တဆက်တည်း ထွက်ပေါ်လာသည့် နှစ်လယ် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းများကိုလည်း အများပြည်သူသို့ ထုတ်ပြန်ပေးသည်။



### မြို့နယ်အဆင့်

ပြည်နယ်/တိုင်းဒေသကြီးတစ်ခုချင်းစီတွင် “မြို့နယ်စီမံကိန်းများ” ကို စုစည်းပြီး ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စု ဘတ်ဂျက်နှစ်မျိုးလုံးမှ ဦးစီးဌာနတစ်ခုချင်းစီအတွက် ခွင့်ပြုထားသည့် ငွေလုံးငွေရင်း သုံးစွဲမှုကို ခန့်မှန်းသည်။ သို့သော်လည်း အဆိုပါ ပိုမို အသေးစိတ်သည့် ဘတ်ဂျက်ဒေတာများကိုမူ တရားဝင်တင်ပြတောင်းဆို၍သာ ရရှိနိုင်သည်။

## ပြည်ထောင်စုဘတ်ဂျက်

**အများပြည်သူသို့ ကြည့်ရှုခွင့်ပေးထားသည့် ပြည်ထောင်စုဘတ်ဂျက်ဒေတာများ (အွန်လိုင်းပေါ်မှ အရင်းမြစ်များကို အောက်ပါဇယား ၂ တွင် ကြည့်ပါ)**

နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကို အများပြည်သူသို့ ထုတ်ပြန်သည်။ ယင်းတွင် BE ထုတ်ပြန်ကြေညာချက်ပါ ပူးတွဲပါရှိပြီး ပြည်ထောင်စုအစိုးရအတွက် ခွင့်ပြုထားသည့် ဝင်ငွေနှင့် အသုံးစရိတ်အစီအမံတစ်ရပ်ကို အသေးစိတ်ဖော်ပြထားသည့် ဇယားကွက်များစွာကိုလည်း တွေ့ရသည်။ ၎င်း ဘတ်ဂျက်ဒေတာများကို အွန်လိုင်းတွင် PDF နှင့် MS Word ပုံစံများဖြင့် ရယူနိုင်သည်။ အများပြည်သူ ကြည့်ရှုနိုင်သည့် Union Citizens' Budget သည် ပြည်ထောင်စု BE အနှစ်ချုပ်ပင်ဖြစ်ပြီး PDF ဖိုင်ဖြင့် ရရှိနိုင်သည်။

### ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ – ဘတ်ဂျက်လျာထားမှုပုံစံ

**ပြည်ထောင်စု အခွန်ဝင်ငွေများကို** အောက်ပါအတိုင်း ခွဲဝေသည်။

- ဝန်ကြီးဌာန / ဦးစီးဌာန သို့မဟုတ် အခြားကောက်ခံသည့် ပြည်ထောင်စုအစိုးရ ယန္တရားများ။
- ဝင်ငွေရင်းမြစ် အုပ်စုများမှာ အဓိကအားဖြင့် အခွန်များ၊ အခြားသော သာမန်ရငွေ (အသုံးပြုခများ သို့ လိုင်စင်ကြေး)၊ ငွေလုံးငွေရင်းရငွေ (ပစ္စည်းများ ရောင်းချခြင်း သို့ ငှားရမ်းခြင်း)၊ ထောက်ပံ့ဝင်ငွေနှင့် နိုင်ငံခြားချေးငွေမှ ရသောငွေတို့ ဖြစ်ကြသည်။

**ပြည်ထောင်စု အသုံးစရိတ်များကို** အောက်ပါအတိုင်း ခွဲဝေသည်။

- ဝန်ကြီးဌာန / ဦးစီးဌာန သို့မဟုတ် အခြားငွေကြေးသုံးစွဲသည့် ပြည်ထောင်စုအစိုးရ ယန္တရားများ။
- ငွေကြေးသုံးစွဲမှု အုပ်စုများမှာ အဓိကအားဖြင့် သာမန်၊ ငွေလုံးငွေရင်း၊ အတိုး (သို့) ချေးငွေ ပြန်လည်ပေးဆပ်မှုနှင့် "ထည့်ဝင်ငွေများ" (အခြားသော အဖွဲ့အစည်းများသို့ပေးအပ်သည့် ထောက်ပံ့ငွေများ) ဖြစ်ကြသည်။

ပြည်ထောင်စု ဘတ်ဂျက်တွင် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်များအတွက် အရေးကြီးသော ချိတ်ဆက်မှုတစ်ရပ် ပါရှိသည်။ ၎င်းမှာ အဆိုပါ ဘတ်ဂျက်များအတွက် ဘဏ္ဍာရေးလွှဲပြောင်းပေးအပ်မှုမျိုးစုံကို ဖော်ပြပေးထားခြင်းဖြစ်သည်။ ပြည်ထောင်စု BE စာရင်းပါ ဇယား ၄ တွင် ပြည်ထောင်စု၏ "ထည့်ဝင်ငွေများ"ကို ဖော်ပြထားသည်။

- ဤသည်မှာ ပြည်နယ်များ/တိုင်းဒေသကြီးများအတွက် လွှဲအပ်ထားသည့် တာဝန်များတွင် ဘဏ္ဍာငွေထောက်ပံ့ပေးရန်ရည်ရွယ်သည့် အထွေထွေ ဘတ်ဂျက်ထောက်ပံ့မှုဖြစ်ပြီး သို့မဟုတ်ပါက ၎င်းတို့၏ ကိုယ်ပိုင်ဝင်ငွေများ နည်းပါးသည့်အလျောက် ၎င်းတို့ဘာသာထောက်ပံ့နိုင်ကြမည် မဟုတ်ပေ (အထွေထွေ ထောက်ပံ့မှုခွဲတမ်း ဖော်မြူလာဆိုင်ရာ အကျဉ်းချုပ်သီးခြားဖော်ပြချက်ကို ကြည့်ပါ)။
- မဲဆန္ဒနယ် ဖွံ့ဖြိုးရေး ရန်ပုံငွေ အထောက်အပံ့များအတွက် စုစုပေါင်းခွဲတမ်းကို မြို့နယ် ၃၃၀ သို့ အညီအမျှ (ကျပ်ငွေ သန်း ၁၀၀) ခွဲဝေပေးသည်။

သို့သော်လည်း ပြည်နယ်များ/တိုင်းဒေသကြီးများသို့ 'အခွန်ဝေစု' လွှဲအပ်ပေးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတိကျသောရည်ညွှန်းချက် တစ်စုံတစ်ရာ မရှိပေ။ ယင်းလွှဲအပ်ပေးမှုသည် ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန်၊ ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်တို့မှ ရာခိုင်နှုန်းတစ်ရပ်ကို ကောက်ခံရရှိသည့် ပြည်နယ်များ/တိုင်းဒေသကြီးများသို့ ပြန်လည်ပေးအပ်ခြင်းဖြစ်သည်။

အများပြည်သူသို့ ထုတ်ပြန်ထားသည့် ပြည်ထောင်စု ဘတ်ဂျက်ဆိုင်ရာ အဆိုပါ စာရွက်စာတမ်းများတွင် ပြည်ထောင်စု ငွေကြေးသုံးစွဲမှုကို ပြည်နယ်/တိုင်းဒေသကြီးအလိုက်၊ အစီအစဉ် (သို့) စီမံကိန်းအလိုက်၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း အလိုက် ပိုင်းခြားတင်ပြထားခြင်းမရှိပေ။

ဘဏ္ဍာရေးနှစ်လယ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကိုလည်း (pdf ဖိုင်ဖြင့်) ထုတ်ပြန်ပေးပြီး BE ကဲ့သို့သော အလားတူပုံစံဖြင့်ပင် ခွင့်ပြုထားသည့် အသုံးစရိတ်အဆင့်များအတွက် ထပ်တိုးခွင့်ပြုချက်များကို ရည်ညွှန်းသည့် ဇယားကွက်များပါ ပူးတွဲပါရှိသည်။

နောက်ဆုံးမှာ ပြည်ထောင်စုဘတ်ဂျက်မှ လေးလတစ်ကြိမ် ဘတ်ဂျက်နှင့် နှစ်စဉ်အမှန်တကယ် ငွေကြေးသုံးစွဲမှု ဘတ်ဂျက်အစီရင်ခံစာများကိုလည်း https://www.mopf.gov.mm/en/page/finance တွင် ထုတ်ပြန်ပေးလျက်ရှိပါသည်။

## အများပြည်သူသို့ ကြည့်ရှုခွင့်မပေးသည့် ပြည်ထောင်စု ဘတ်ဂျက်ဒေတာများ

ကဏ္ဍအလိုက် ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများမှလည်း ရုံးတွင်းပိုင်း ဘတ်ဂျက်ဆိုင်ရာထုတ်ပြန်ချက်နှင့် အစီရင်ခံစာမျိုးစုံကို (အများအားဖြင့် Excel ဖိုင်ဖြင့်) ရေးဆွဲတတ်ကြသည်။ ဥပမာ ပြည်ထောင်စုဘတ်ဂျက်ရေးဆွဲရေး လုပ်ငန်းစဉ်အတွက် တင်သွင်းရသည့် သာမန်နှင့် ငွေလုံးငွေရင်း ဘတ်ဂျက် အစီရင်ခံစာများ၊ ခွင့်ပြုထားသော ဌာနဆိုင်ရာဘတ်ဂျက်အပေါ် အခြေခံသည့် သာမန်နှင့် ငွေလုံးငွေရင်း ဘတ်ဂျက်အစီအမံများ၊ ပုံမှန်တင်သွင်းရသည့် အမှန်တကယ် ငွေကြေးသုံးစွဲမှုဆိုင်ရာ သာမန်နှင့် ငွေလုံးငွေရင်း ဘတ်ဂျက်အသုံးပြုမှု အစီရင်ခံစာများကို ဆိုလိုသည်။ အဆိုပါ ထုတ်ပြန်ချက်မျိုးစုံတွင်

ပြည်နယ်/တိုင်းဒေသကြီးမှ ပြုလုပ်သည့် ဘတ်ဂျက်ဒေတာများ ပါဝင်သော်လည်း မြို့နယ်များမှ ပြုလုပ်သည့် ဘတ်ဂျက်ဒေတာများ မပါဝင်ပေ။ MoPF လက်အောက်ခံ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (အစိုးရအဖွဲ့ကြား အခွန်ဘဏ္ဍာ ဆက်ဆံရေးဦးစီးဌာန) သည်လည်း ပြည်နယ်များ/တိုင်းဒေသကြီးများသို့ အထွေထွေလွှဲပြောင်းထောက်ပံ့ငွေဆိုင်ရာ နှစ်စဉ်ဘတ်ဂျက် အဆိုပြုလွှာအတွက် အခြေခံဖြစ်သည့် တွက်ချက်မှုများကို (Excel ဖိုင်ဖြင့်) ပြုလုပ်ရေးဆွဲပေးရသည်။

> သင့်လျော်သော တရားဝင် ခွင့်ပြုချက်ပါရှိပါက အဆိုပါ ရုံးတွင်းဘတ်ဂျက် ထုတ်ပြန်ချက်များနှင့် ဒေတာများကို သက်ဆိုင်ရာ ဦးစီးဌာနများမှ ရံဖန်ရံခါ ရရှိတတ်ပါသည်။

## ပြည်နယ်/တိုင်းဒေသကြီးဘတ်ဂျက်များ

**အများပြည်သူသို့ ကြည့်ရှုခွင့်ပေးထားသည့် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်ဒေတာများ (အွန်လိုင်းပေါ်မှ အရင်းမြစ်များကို အောက်ပါ ဇယား ၂ တွင် ကြည့်ပါ)**

ပြည်နယ်များ/တိုင်းဒေသကြီးများ အားလုံးသည် ၎င်းတို့၏ နှစ်စဉ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေများကို အွန်လိုင်းပေါ်တွင် အများပြည်သူ ကြည့်ရှုနိုင်ရန် (pdf ဖိုင်ဖြင့်) တင်ထားပေးပြီး၊ လျာထားချက်ပါ ဝင်ငွေများနှင့် ငွေကြေးသုံးစွဲမှုတို့ကို ဌာနအလိုက် အသေးစိတ်ဖော်ပြသည့် ဇယားကွက်များစွာပါဝင်သည့် ပူးတွဲ BE ထုတ်ပြန်ချက်တစ်ခုကို ထည့်သွင်းပေးထားပေးရာ ပြည်ထောင်စု ဘတ်ဂျက်ထက်ပင်ပို၍ အသေးစိတ်ကျသည်။ ၎င်းကို အပိုင်း ၃ ပိုင်းခွဲ၍တင်ပြရာ အောက်ပါအတိုင်းဖြစ်သည်။

BE ဇယားပါ ကော်လံများကို အုပ်စုများအလိုက် ထပ်မံပိုင်းခြားထားသည်။

- ဝင်ငွေ ကော်လံများကို သာမန်ဝင်ငွေ (အသုံးပြုခ၊ လိုင်စင်ကြေး)၊ အရေးပေါ် ရန်ပုံငွေ၊ နိုင်ငံခြား ထောက်ပံ့ငွေ၊ ချေးငွေလက်ခံရရှိမှုများနှင့် ပြည်ထောင်စုလွှဲပြောင်းပေးအပ်မှုများဟူ၍ အုပ်စုခွဲထားသည်။
- အသုံးစရိတ် ကော်လံများကိုမူ သာမန်၊ ငွေလုံးငွေရင်း၊ ကြွေးမြီ ပြန်လည်ပေးချေမှု အစရှိသဖြင့် အုပ်စုခွဲထားသည်။

အချို့ အရေးကြီးသော ဝန်ကြီးဌာနများမှ ဦးစီးဌာနများသည် ပြည်ထောင်စု ဘတ်ဂျက် တစ်မျိုးတည်းမှသာ ရန်ပုံငွေထောက်ပံ့ခြင်း ခံရပါက အဆိုပါ BE ထုတ်ပြန်ချက်များတွင် ပါရှိမည်မဟုတ်သည်ကို အလေးအနက် ပြောကြားထားရန် လိုအပ်သည်။ ဥပမာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DRD) သို့မဟုတ် အခြေခံပညာဦးစီးဌာန (DBE)။

ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအားလုံးတို့သည် ယခုအခါ Citizens' Budget များကို PDF ဖိုင်ဖြင့် ထုတ်ဝေပေးလျက်ရှိကြသည်။ ၎င်းတို့သည် ဘဏ္ဍာရေးနှစ် ခန့်မှန်းခြေစာရင်း၏ ပို၍လက်လှမ်းမီနိုင်သော ပုံစံများ ဖြစ်ကြသည်။ တင်ပြပုံနှင့် အကြောင်းအရာပိုင်းတွင် ကွာဟမှု ရှိသော်လည်း ရှေ့တွင်ဖော်ပြခဲ့သည့်အတိုင်း ယေဘုယျအားဖြင့် ဦးစီးဌာနတစ်ခုချင်းစီအတွက် ဝင်ငွေနှင့် အသုံးစရိတ်အစီအစဉ် အသေးစိတ် အကုန်

### ဇယား ၂ အများပြည်သူ ကြည့်ရှုလေ့လာနိုင်သည့် အွန်လိုင်းဘတ်ဂျက်နှင့် အခြားသောဒေတာအရင်းမြစ်များ အနှစ်ချုပ်တင်ပြချက်

| သတင်းအချက်အလက် | အွန်လိုင်းအရင်းမြစ် |
|---|---|
| **ပြည်ထောင်စု ဘတ်ဂျက်** | |
| • ပူးတွဲ BE ပါ နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေ<br>• RE ဘတ်ဂျက် အပါအဝင် နှစ်စဉ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ | မြန်မာဥပဒေ သတင်းအချက်အလက် စနစ်<br>https://www.mlis.gov.mm/ |
| • ဘတ်ဂျက် အဆိုပြု တင်ပြချက်<br>• ဘတ်ဂျက် အနှစ်ချုပ်(BE)<br>• Citizens' Budget (BE)<br>• လေးလတစ်ကြိမ်နှင့် နှစ်စဉ် ဘတ်ဂျက် အသုံးပြုမှု အစီရင်ခံစာများ | စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန<br>https://www.mopf.gov.mm/en/content/budget-news |
| အခြား ဘတ်ဂျက်အစီရင်ခံစာများနှင့် ဒေတာ မျိုးစုံ | စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန – DG ဘတ်ဂျက်<br>https://www.facebook.com/budgetdepartment<br>မြန်မာ ဘတ်ဂျက် အချက်အလက်များ (The Ananda)<br>https://mmbudgets.info/<br>Renaissance Institute<br>https://rimyanmar.org |
| **ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်များ** | |
| ပူးတွဲ BE ပါ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေ (ပြည်နယ်များ/တိုင်းဒေသကြီးများ အားလုံးအတွက် အမြဲ အပြည့်အစုံ မရှိ) | မြန်မာဥပဒေ သတင်းအချက်အလက် စနစ်<br>https://www.mlis.gov.mm |
| Citizens' Budget (BE များနှင့် အခြားသော ဘတ်ဂျက် ထုတ်ပြန်ချက်များနှင့် အစီရင်ခံစာများ | ရွေးချယ်တင်ပြထားသည့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ Facebook စာမျက်နှာများ - ဥပမာ။<br>https://www.facebook.com/Mon-State-Budget-Department-341457833264707/?ref=page_internal<br>https://www.facebook.com/pages/category/Government-Organization/Bago-Budget-Transparency-1949377861818981/<br>မြန်မာ ဘတ်ဂျက် အချက်အလက်များ (The Ananda)<br>https://mmbudgets.info/<br>Renaissance Institute<br>https://rimyanmar.org |
| **လူမှု-စီးပွားရေး ဒေတာများ** | |
| လူဦးရေ၊ မြန်မာနေထိုင်မှု အခြေအနေ စစ်တမ်း (၂၀၁၇) နှင့် အခြား လူမှု-စီးပွားရေး ဒေတာများ | မြန်မာသတင်း အချက်အလက် စီမံခန့်ခွဲမှုယူနစ် (MIMU)<br>http://themimu.info/<br>မြန်မာနိုင်ငံစာရင်းအင်းဆိုင်ရာ သတင်းအချက်အလက် ဝန်ဆောင်မှုစနစ်<br>http://www.mmsis.gov.mm/ |

အစင် ပါရှိပြီး၊ ပြည်နယ်/တိုင်းဒေသကြီး မူဝါဒဦးစားပေး ကိစ္စရပ်များဆိုင်ရာ အသေးစိတ်အချက်အလက်များ၊ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲရေးလုပ်ငန်းစဉ်များပါ ပါရှိသည်။ အချို့သော ပြည်နယ်များ/တိုင်းဒေသကြီးများတွင် ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စု ဘတ်ဂျက်နှစ်ခုလုံးမှ မြို့နယ်တစ်ခုချင်းစီအတွက် လျာထားချက်ပါ ငွေလုံးငွေရင်းစီမံကိန်းများနှင့် ပတ်သက်သည့် လက်ရွေးစင်အသေးစိတ် အချက်အလက်များကိုပါ ဖော်ပြပေးထားသည်။

| ဦးစီးဌာန သို့ အဖွဲ့အစည်း | ဝင်ငွေ အုပ်စု | | | | အသုံးစရိတ် အုပ်စုများ | | | |
|---|---|---|---|---|---|---|---|---|
| | အခွန် | အခြား သာမန် | ပြည်ထောင်စု လွှဲပြောင်း ထောက်ပံ့ငွေ | အစ ရှိသည် | သာမန် | ငွေလုံး ငွေရင်း | ချေးငွေ ပြန်ပေး | အစ ရှိသည် |
| **အပိုင်း ၁. ပြည်နယ်/တိုင်းဒေသကြီး အစိုးရ ("ဗဟို အဖွဲ့")**<br>● ဝန်ကြီးအဖွဲ့<br>● လွှတ်တော်<br>● တရားရုံး<br>● အစရှိသဖြင့် | | | | | | | | |
| **အပိုင်း ၂. ဝန်ကြီးဌာနများ / ဦးစီးဌာနများ**<br>● ပြည်ထဲရေး (မီးသတ်၊ ရဲ အစရှိသဖြင့်)<br>● စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်း (စိုက်ပျိုးရေး၊ ရေလုပ်ငန်း အစရှိသဖြင့်)<br>● သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး (သစ်တော၊ သတ္တုတွင်း အစရှိသဖြင့်)<br>● ကျန်းမာရေးနှင့် အားကစား (အားကစားနှင့် ကာယပညာ)<br>● ဆောက်လုပ်ရေး (လမ်းနှင့် တံတား၊ ကျေးလက်လမ်း အစရှိသဖြင့်)<br>● အစရှိသဖြင့် | | | | | | | | |
| **အပိုင်း ၃. သီးခြားလွတ်လပ်သော အဖွဲ့အစည်းများ**<br>● မြို့တော်စည်ပင်သာယာရေး ကော်မတီ (ရန်ကုန်နှင့် မန္တလေး အတွက်)<br>● စည်ပင်သာယာရေး အဖွဲ့အစည်းများ (DAOs)<br>● လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | | | | | |
| စုစုပေါင်း | | | | | | | | |

## အများပြည်သူသို့ကြည့်ရှုခွင့်မပေးထားသည့် ပြည်နယ်/တိုင်းဒေသကြီးဘတ်ဂျက်ဒေတာများ

ပြည်နယ်/တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနများ (BDs) သည်လည်း ပိုမိုအသေးစိတ်သည့် ရုံးတွင်း ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက် အစီရင်ခံစာနှင့် ထုတ်ပြန်ချက်မျိုးစုံကို (Excel ဖိုင်များဖြင့်) ရေးဆွဲကြရာ ယေဘုယျအားဖြင့် ရှေ့တွင်ဖော်ပြခဲ့သည် အပိုင်း ၃ ပိုင်းပုံစံအတိုင်း လိုက်နာကြသည့်တိုင် ပြည်နယ်များ/တိုင်းဒေသကြီးများအလိုက် တင်ပြပုံနှင့် အသေးစိတ်အချက်အလက်တို့မှာ ကွာခြားသွားပြန်သည်။ အောက်ပါကိစ္စရပ်များတွင် ပိုမိုအသေးစိတ်သော အချက်အလက်များဖြင့် ဖော်ပြလေ့ရှိသည်။

- ပင်မ အဖွဲ့အစည်းသုံးရပ်မှ ကောက်ခံသည့် အခွန်ဝင်ငွေ အမျိုးအစားများ။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (ထွေအုပ်) နှင့် စည်ပင်သာယာရေးအဖွဲ့အစည်းများ (DAOs)။
- ပြည်နယ်/ တိုင်းဒေသကြီး အစိုးရစာရင်းပါ ငွေကြေးသုံးစွဲမှု အမျိုးအစားများ
  - သာမန်နှင့် ငွေလုံးငွေရင်း ပိုင်းခြားမှု
  - ငွေလုံးငွေရင်းရင်းနှီးမြှုပ်နှံမှုများ (အောက်တွင်ဖော်ပြထားသည့်အတိုင်း ပမာဏကြီးမားသည့် ပြည်နယ်/တိုင်းဒေသကြီး ငွေလုံးငွေရင်း သုံးစွဲမှုကို ကဏ္ဍဆိုင်ရာ ဦးစီးဌာနများ၏ စာရင်းထက်စာလျှင် အစိုးရစာရင်းတွင်သာ အများအားဖြင့် မှတ်တမ်းတင်လေ့ရှိသည်)

ပြည်နယ်/တိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေး ဦးစီးဌာနများ (PDs) သည် 'မြို့နယ် စီမံကိန်းများ' ကို (Excel ဖိုင်ပုံစံဖြင့်) စုစည်းထားကြသည်။ ဤသည်တို့မှာ ဦးစီးဌာနမှနေ၍ ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်နှင့် ပြည်ထောင်စုဘတ်ဂျက်များမှ ခွင့်ပြုပေးထားသည့် ငွေလုံးငွေရင်း ဘတ်ဂျက် အသုံးစရိတ်များအားလုံးအတွက် ဇယားရေးဆွဲမှုများဖြစ်သည်။ ၎င်းရေးဆွဲမှုကို ဘတ်ဂျက်နှစ်အစပိုင်းတွင် BE များအပေါ် အခြေခံလျက် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်များအား အတည်ပြုပြီးသည်နှင့် တပြိုင်နက် ပြုလုပ်လေ့ရှိသည်။ အဆိုပါ 'မြို့နယ်စီမံကိန်းများ' ကို နောက်ပိုင်းတွင် RE မှ ထောက်ပံ့သည် ပြောင်းလဲမှုများကို ထည့်သွင်းစဉ်းစားပြီး ညှိနှိုင်းပြင်ဆင်မှု ပြုလုပ်သည်။ ၎င်းတို့ကို အောက်ပါယေဘုယျပုံစံတွင် ထည့်သွင်း၍ စုစည်းသည်။

| ငွေကြေးသုံးစွဲသည့် အဖွဲ့အစည်းများ | ပြည်ထောင်စု ဘတ်ဂျက် | ပြည်နယ်/ တိုင်းဒေသကြီး ဘတ်ဂျက် | ထောက်ပံ့/ချေးငွေ | စုစုပေါင်း |
| --- | --- | --- | --- | --- |
| အပိုင်း ၁. ဗဟိုအုပ်စုဝင် အဖွဲ့အစည်းများ<br>---<br>--- | | | | |
| အပိုင်း ၂. ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ<br>---<br>--- | | | | |
| အပိုင်း ၃. သီးခြားလွတ်လပ်သော အဖွဲ့အစည်းများ<br>---<br>--- | | | | |
| စုစုပေါင်း | | | | |

'မြို့နယ်စီမံကိန်းများ' ဟူ၍ ရည်ညွှန်းခေါ်ဝေါ်သည့်တိုင် သတိပြုရန်အချက်မှာ ၎င်းတို့သည် မြို့နယ်အာဏာပိုင်များမှ သတ်မှတ်ပေးသည့် ငွေလုံးငွေရင်းဘတ်ဂျက်များကို ထင်ဟပ်ခြင်းမရှိပေ။ ၎င်းတို့မှာ ပြည်နယ် တိုင်းဒေသကြီး သို့မဟုတ် ပြည်ထောင်စုအဆင့်မှ ပြုလုပ်လိုက်သည့် အတည်ပြုချက်များကို စုစည်းထားခြင်းမျှသာဖြစ်ပြီး၊ ယင်းအတည်ပြုချက်များသည်လည်း မြို့နယ်ဦးစီးဌာန လျှောက်လွှာများပေါ် တစိတ်တစ်ဒေသ အခြေခံလျက် ယင်းလျှောက်လွှာများ၏ သေးငယ်သော အစွန်းထွက်ပမာဏတစ်ရပ်ကိုသာ ကိုယ်စားပြုသည်။

ဤတွင် DRD သို့မဟုတ် DBE အစရှိသည့် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်တွင် မတွေ့ရသည့် ဦးစီးဌာနများ၏ ငွေလုံးငွေရင်းသုံးစွဲမှုများပါ ပါဝင်သည်။ ပြည်နယ်/တိုင်းဒေသကြီး မြို့တော်များဖြစ်ကြသည့် မြို့နယ်များမှာမူ မြို့နယ်တစ်ခုစာ သုံးစွဲမှုအစား ပြည်နယ်/တိုင်းဒေသကြီးတစ်ခုလုံးစာ ငွေလုံးငွေရင်းသုံးစွဲမှုတွင် ပါဝင်သွားနိုင်သည်။ သို့ဖြစ်ပါ၍ တစ်ခါတစ်ရံတွင် အဆိုပါမြို့နယ်များရှိ ငွေလုံးငွေရင်းသုံးစွဲမှု နှိုင်းရအဆင့်မှာ 'ဖောင်းပွ' နေတတ်သည့်အတွက် မြို့နယ်များကြား နှိုင်းယှဉ်လေ့လာမှုပြုလုပ်သည့်အခါ ဤအချက်ကိုသတိပြုရန် လိုအပ်သည်။

ရန်ကုန်နှင့် မန္တလေး မြို့တော် စည်ပင်သာယာရေး ကော်မတီများနှင့် စည်ပင်အဖွဲ့များမှလည်း နှစ်စဉ် ဘတ်ဂျက်ထုတ်ပြန်ချက်များကို (ပုံမှန်အားဖြင့် Excel ဖိုင်ဖြင့်) ၎င်းတို့ ဘတ်ဂျက်များပါ 'ပေါင်းစပ်' ပါဝင်သည့် ပြည်နယ်/တိုင်းဒေသကြီးဘတ်ဂျက်များ အတည်ပြုပြီးသည့်နောက်ပိုင်းတွင် ပြုလုပ်ပေးသည်။ ဤတွင် ဝင်ငွေများ၊ ငွေလုံးငွေရင်းနှင့် သာမန်အသုံးစရိတ်များ၊ ချေးငွေလက်ခံရရှိမှု သို့မဟုတ် ပြန်လည်ပေးဆပ်မှုများကို မတူညီသော အသေးစိတ်မှု၊ မတူညီသော တင်ပြမှုပုံစံများဖြင့် ဖော်ပြထားသည်။ ယင်းအချက်အလက်များကို အများပြည်သူသို့ ဖွင့်မပေးထားချေ။

သင့်လျော်သော တရားဝင် ခွင့်ပြုချက်ပါရှိပါက အဆိုပါ ရုံးတွင်း ဘတ်ဂျက် ထုတ်ပြန်ချက်များနှင့် ဒေတာများကို သက်ဆိုင်ရာဦးစီးဌာနများမှ ရံဖန်ရံခါ ရရှိတတ်ပါသည်။

## လူမှု–စီးပွားရေးဒေတာများ

ပြည်နယ်/တိုင်းဒေသကြီး သို့မဟုတ် မြို့နယ်အဆင့် ငွေကြေးသုံးစွဲမှု နှိုင်းရ ပုံသဏ္ဍာန်များ၏ ထိရောက်မှုနှင့် သာတူညီမျှမှုတို့ကို ဆန်းစစ်လေ့လာရန် အလို့ငှာ ၎င်းတို့ကိုနှိုင်းရလိုအပ်ချက်နှင့် ချို့တဲ့မှုဆိုင်ရာ သင့်တော်သော လူမှုစီးပွားရေးတိုင်းတာချက်များဖြင့် ချိတ်ဆက်နှိုင်းယှဉ်ရန် လိုအပ်သည်။ ဤအတိုင်းအတာထိမူ အများပြည်သူအသုံးပြုနိုင်သည့် မြောက်မြားစွာသော ဒေတာအရင်းမြစ်များ ရှိပါသည်။ ဥပမာဆိုရသော်

- မြန်မာသတင်း အချက်အလက် စီမံခန့်ခွဲမှုယူနစ် (MIMU) သည် လူဦးရေသန်းခေါင်းစာရင်းဒေတာများ (ပြည်နယ်/တိုင်းဒေသကြီးအလိုက်၊ မြို့နယ်အလိုက်၊ မြို့ပြ/ ကျေးလက်ဒေသအလိုက်၊ လိင်အုပ်စုအလိုက် အစရှိသဖြင့်) အပါအဝင် အစီရင်ခံစာနှင့် ဒေတာအမျိုးအစား အစုံအလင်ကို ဆန်းစစ်လေ့လာနိုင်သည့် လွယ်လင့်တကူအရှိဆုံးသော နေရာဖြစ်သည်။ မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း (၂၀၁၇) တွင် နမူနာ စစ်တမ်းကောက်ယူမှုများအပေါ် အခြေခံထားသည့် ပြည်နယ်/တိုင်းဒေသကြီး လူမှုစီးပွားရေး တိုင်းတာချက်များအသစ်များကို ဖော်ပြပါလိပ်စာတွင် ရယူနိုင်သည်။ http://themimu.info/
- မြန်မာနိုင်ငံစာရင်းအင်းဆိုင်ရာ သတင်းအချက်အလက် ဝန်ဆောင်မှုစနစ်တွင် လူမှုစီးပွားရေး ဒေတာမျိုးစုံ ပါဝင်သော်လည်း အရပ်ဒေသအလိုက် အမြဲတစေ ပိုင်းခြားထားပေးလေ့မရှိပေ။ http://www.mmsis.gov.mm/

အာရှဖောင်ဒေးရှင်းသည်လည်း လူမှုစီးပွားရေးတိုင်းတာချက် အမျိုးအစားမြောက်မြားစွာ၏ အရင်းမြစ်မျိုးစုံမှလာသည့် မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းများဆိုင်ရာ ဒေတာများကို စုစည်းပေးလျက်ရှိပါသည်။ ယင်းအချက်အလက်များကို ဆက်သွယ်တောင်းယူ၍ ရနိုင်ပါသည်။

# ရတတ်သမျှသောဒေတာများဖြင့် ထိရောက်သော ဘတ်ဂျက်စိစစ်လေ့လာမှု ပြုလုပ်နိုင်ပါသလား?

ဘတ်ဂျက် စိစစ်လေ့လာမှု ပြုလုပ်ရာ၌ ရှုပ်ထွေးစေသည့် အကြောင်းတရားများစွာ ရှိပါသည်။ ၎င်းတို့တွင် အများပြည်သူ အသုံးပြုခွင့်မရှိသည့် အသေးစိတ် ဘတ်ဂျက်ဒေတာများကိုရယူရန် အခက်အခဲများရှိခြင်း၊ စီးပွားရေးအုပ်စုအလိုက် ပိုင်းခြားထားမှု နည်းပါးခြင်း၊ အသေးစိတ်အချက်အလက်များ တသမတ်တည်း မဖြစ်ခြင်း၊ ဒေတာဖြည့်သွင်းရာ၌ စနစ်တကျမရှိခြင်းအစရှိသည်တို့ ပါဝင်ပါသည်။

အထက်ဖော်ပြပါ ဘတ်ဂျက် ထုတ်ပြန်ချက်များနှင့် ဒေတာများအပေါ် ကောက်ယူဖွင့်ဆိုမှုနှင့် စိစစ်လေ့လာမှုတို့ ပြုလုပ်ရာ၌လည်း ရှုပ်ထွေးစေသည့် အကြောင်းတရား မျိုးစုံရှိပါသည်။

## ပြည်ထောင်စု ဘတ်ဂျက်များ

### *ကဏ္ဍဆိုင်ရာ ဘတ်ဂျက် အသေးစိတ်နှင့် တသမတ်တည်းဖြစ်မှု*

အများပြည်သူသို့ ဖွင့်ပေးထားသည့် ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် BE တို့တွင် ဝန်ကြီးဌာနများအတွင်း ငွေကြေးသုံးစွဲမှုဆိုင်ရာ (ဦးစီးဌာနအလိုက်သော်လည်းကောင်း၊ ကဏ္ဍခွဲအလိုက်သော်လည်းကောင်း၊ စီးပွားရေး အုပ်စုအမျိုးအစား အလိုက်သော်လည်းကောင်း ငွေကြေးသုံးစွဲမှု ဆိုင်ရာ) အသေးစိတ်အချက်အလက်များ မပါဝင်ပါ။ ဥပမာ ပညာရေးဝန်ကြီးဌာနအတွက် ဆိုရပါမူ အခြေခံပညာ၊ အဆင့်မြင့်ပညာနှင့် နည်းပညာဆိုင်ရာ ဦးစီးဌာနများ၏ သီးခြားငွေကြေးသုံးစွဲမှုကို တွေ့မြင်ရန်သော်လည်းကောင်း၊ ဆရာများ၊ စာသင်ကျောင်း ထောက်ပံ့မှုများနှင့် အကြီးစားဆောက်လုပ်ရေး လုပ်ငန်းများအတွက် ငွေကြေးသုံးစွဲမှုများကို တွေ့မြင်ရန်သော်လည်းကောင်း မဖြစ်နိုင်ပေ။

အဆိုပါ အသေးစိတ်အချက်အလက်များ ပါရှိသည့် ဌာနဆိုင်ရာဘတ်ဂျက်များမှာမူ အများပြည်သူ ကြည့်ရှုခွင့်မရှိသကဲ့သို့ ရယူရန်လည်း မလွယ်ကူလှချေ။ ထို့အပြင် ၎င်းတို့တွင် ပြည်နယ်/တိုင်းဒေသကြီး အဆင့်အထိသာ အသေးစိတ်ဖော်ပြပေးထားသည်။ ဦးစီးဌာနတစ်ခုချင်းစီအသုံးပြုသည့် ရုံးတွင်း ဘတ်ဂျက် တင်ပြပုံမှာလည်း တစ်ခုနှင့်တစ်ခု မတူညီပေ။

### *ငွေလုံးငွေရင်းနှင့် သာမန်ဘတ်ဂျက်ကြားခြားနားမှု*

မူအားဖြင့် ကျပ်ငွေ ၁ သန်းအထက် ၁ နှစ်ထက်ပို၍ အသုံးခံသောပစ္စည်းများ ဖန်တီးနိုင်သည့် အသုံးစရိတ်များကို ငွေလုံးငွေရင်း ဘတ်ဂျက်တွင် မှတ်တမ်းတင်ပြီး အခြားအသုံးစရိတ်များအားလုံးကို သာမန် ဘတ်ဂျက်တွင် မှတ်တမ်းတင်သည်။ သို့သော် ဤပုံစံအတိုင်းအမြဲတစေ လိုက်နာလေ့မရှိပြန်ချေ။ ဥပမာ ပြည်နယ်များ/တိုင်းဒေသကြီးများ အားလုံးရှိ အခြေခံပညာဦးစီးဌာနများသည် (အားလုံးပေါင်း ကျပ်ငွေ ၁ သန်းအထက် များစွာကုန်ကျနိုင်သည့်) အိမ်သာ၊ ခြံစည်းရိုး၊ ကျောင်းသွားသည့်လမ်းအစရှိသည့် စာသင်ကျောင်းဆိုင်ရာ မရှိမဖြစ်အထောက်အကူပစ္စည်းများအတွက် ရင်းနှီးမြှုပ်နှံမှုများကို သာမန် ဘတ်ဂျက်တွင် မှတ်တမ်းတင်သည်။ ဤသို့ပြုလုပ်ခြင်းကြောင့် ငွေလုံးငွေရင်း/သာမန် ငွေကြေးသုံးစွဲမှု လက်ကျန်ရှင်းတမ်းတွင် မညီမမျှ ဖြစ်စေနိုင်သည် (ထို့အပြင် ယင်းအသုံးစရိတ်ကို ဒေသန္တရစီမံကိန်းရေးဆွဲရေး လုပ်ငန်းစဉ်တွင် စိစ်ဆေးခြင်းမပြုဘဲ ချန်လှပ်ခြင်း ခံရနိုင်ဖွယ်ရှိသည်)။

## ပြည်နယ် / တိုင်းဒေသကြီး ဘတ်ဂျက်များ

### *ယေဘုယျ။ ပုံစံများ၊ တသမတ်တည်းဖြစ်မှုနှင့် အသေးစိတ်*

ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေများနှင့် ပူးတွဲပါ အများပြည်သူသို့ ဖွင့်ပေးထားသော ပြည်နယ်/တိုင်းဒေသကြီး BE ထုတ်ပြန်ချက်များတွင်သာမက ပြည်နယ်/တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနများ၏ ရုံးတွင်း ထုတ်ပြန်ချက်များတွင်ပါ တင်ပြပုံတသမတ်တည်း မဖြစ်မှု၊ ဒေတာ ဖြည့်သွင်းမှုနှင့် အသေးစိတ်အချက်အလက်များဆိုင်ရာ ပြဿနာများ ရှိနေသည်။ ပြည်နယ်/တိုင်းဒေသကြီး တစ်ခုတည်း၏ ဘတ်ဂျက်များကို စိစစ်လေ့လာရာ၌ ပြဿနာ မရှိနိုင်သော်လည်း ပြည်နယ်များနှင့် တိုင်းဒေသကြီးများကြား ဘတ်ဂျက်များနှိုင်းယှဉ်လေ့လာရာ၌မူ အကုန်လုံး သဟဇာတဖြစ်စေရေးအတွက် ဘတ်ဂျက် ဒေတာများကို ပြန်လည်စီစဉ်ရပြီး၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် ဝန်ကြီးဌာနဆိုင်ရာ ဦးစီးဌာနများကို ပြန်လည်သတ်မှတ်ပေးရန် လိုအပ်သည်။ ထို့အပြင်လည်း အများပြည်သူ ကြည့်ရှုနိုင်သည့် BE ထုတ်ပြန်ချက်များသည် pdf ဖိုင် ပုံစံဖြင့်သာ ရရှိနိုင်သေးသည့်အလျောက် ယင်းဒေတာများကို စိစစ်လေ့လာနိုင်ရန်အလို့ငှာ Excel ဖိုင်ဖြင့် တိကျစွာကူးပြောင်းထုတ်ဝေရေးအတွက် ဆက်လက်ကြိုးပမ်းရန် လိုအပ်နေသေးသည်။

### *ဝင်ငွေများ*

- အချို့သော ပြည်နယ်များ/တိုင်းဒေသကြီးများသည် အစိုးရကောက်ခံရရှိသည့် အခွန်ဝင်ငွေများကို အပိုင်း ၁ အောက်တွင် ပြည့်ပြည့်စုံစုံ အသေးစိတ် ဖော်ပြကြသော်လည်း အချို့မှာမူ စုစုပေါင်းအကျဉ်းချုပ်မျှကိုသာ ဖော်ပြပေးသည်။
- အချို့သော ပြည်နယ်များ/တိုင်းဒေသကြီးများသည် မျှဝေဝင်ငွေ လွှဲအပ်မှုနှင့် မဲဆန္ဒနယ် ဖွံ့ဖြိုးရေး ရန်ပုံငွေ (CDF) များကို ပြည်ထောင်စု လွှဲအပ်ငွေများဟု မှတ်တမ်းတင်မည့်အစား ဒေသန္တရ အခွန်ဝင်ငွေ ကောက်ခံရေး လုပ်ငန်းစွမ်းဆောင်မှုကို အမြင်အားဖြင့် အဖောင်းပွခံပြီး အပိုင်း ၁ ပါ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအောက်ရှိ "အခြား သာမန်ဝင်ငွေများ" တွင် မှတ်တမ်းတင်ထားသည်။

- အချို့သော ပြည်နယ်များ/တိုင်းဒေသကြီးများသည် အထွေထွေလွှဲပြောင်းထောက်ပံ့ငွေကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနအတွက် "အခြား သာမန်ဝင်ငွေများ" အဖြစ် နားလည်မှုလွဲမှားစွာ မှတ်တမ်းတင်ထားသည့်အတွက် ဒေသန္တရအခွန်ဝင်ငွေ ကောက်ခံရေးလုပ်ငန်းစွမ်းဆောင်မှုကို အမြင်အားဖြင့် ဖောင်းပွသွားစေနိုင်သည်။
- အချို့သော ပြည်နယ်များ/တိုင်းဒေသကြီးများသည် စည်ပင်အဖွဲ့များမှကောက်ခံရရှိသည့် အခွန်ဝင်ငွေများကို အသေးစိတ်ပြည့်စုံစွာ ဖော်ပြထားသော်လည်း အချို့မှာမူ စုစုပေါင်းအကျဉ်းချုပ်မျှကိုသာ ဖော်ပြပေးသည်။
- စည်ပင်အဖွဲ့၏ "ပစ္စည်းခွန်" ဝင်ငွေကိုယ်၌ပင်လျှင် နားလည်မှု လွဲမှားစရာဖြစ်နေသည်။ အကြောင်းမှာ ဖြစ်စဉ်အချို့အရ ပမာဏ အတန်အသင့်ကြီးမားသော ပစ္စည်းခွန်နှင့် မသက်ဆိုင်သည့် ဝင်ငွေများကို ယင်းခေါင်းစဉ်အောက်တွင် ထည့်သွင်းထားခြင်းကြောင့်ဖြစ်သည်။

*အသုံးစရိတ်များ*

- ယေဘုယျအားဖြင့် သာမန်ဘတ်ဂျက်များကို ဝန်ထမ်းရေးရာ ငွေကြေးသုံးစွဲမှု၊ လုပ်ငန်းဆောင်ရွက်မှုနှင့် ထိန်းသိမ်းမှုဆိုင်ရာ သုံးစွဲမှုများ အစရှိသဖြင့် ပိုင်းခြားပြဆိုထားခြင်းမရှိပေ။
- အချို့သော ပြည်နယ်များ/တိုင်းဒေသကြီးများသည် ငွေလုံးငွေရင်းနှင့် သာမန်ဘတ်ဂျက်များကြား ခွဲခြားထားခြင်းမရှိဘဲ စုစုပေါင်း ငွေကြေးသုံးစွဲမှုကိုသာ တင်ပြထားသည်။
- အချို့သော ပြည်နယ်များ/တိုင်းဒေသကြီးများသည် အပိုင်း ၁ အောက် အစိုးရ၏ အသုံးစရိတ် အသေးစိတ်ကို ပြည့်စုံစွာဖော်ပြထားသော်လည်း အချို့မှာမူ စုစုပေါင်းအကျဉ်းချုပ်မျှကိုသာ ဖော်ပြပေးသည်။

*ချေးငွေများ*

မြို့ပြ စီမံကိန်းများအတွက် YCDC နှင့် MCDC တို့မှ လက်ခံရရှိသည့် ချေးငွေများကို ယင်းတိုင်းဒေသကြီးနှစ်ခု၏ ဘတ်ဂျက်များတွင် "ငွေလုံးငွေရင်းရငွေများ" အဖြစ်သာ မှတ်တမ်းတင်ထားသည်။ တဖန် ဤသို့ ပြုလုပ်ခြင်းသည်လည်း နားလည်မှုလွဲမှားသွားနိုင်စရာရှိပြီး ဒေသန္တရမှကောက်ခံသည့် ဝင်ငွေများသည် အမှန်တကယ်ရရှိသည့် ပမာဏထက် လွန်စွာများပြားလျက်ရှိသည်ဟု ထင်မြင်သွားနိုင်စရာ ရှိသည်။

## မြန်မာနိုင်ငံရှိ ဘတ်ဂျက်စာရွက်စာတမ်းများအပေါ် မည်သည့်စိစစ်လေ့လာမှု ပြုလုပ်နိုင်ပါသနည်း?

ပြဿနာများ ရှိနေသည့်တိုင် ပြည်ထောင်စု ကဏ္ဍနှင့် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်များဆိုင်ရာ ပိုမို၍အသုံးဝင်သည့် စိစစ်လေ့လာမှုပြုလုပ်ရန် ဖြစ်နိုင်စရာရှိပြီး၊ နောင်တွင် ဦးတည်ရာလမ်းကြောင်းများကို သုံးသပ်စစ်ဆေးလာနိုင်မည့်အပြင် ပြည်နယ်/တိုင်းဒေသကြီး အဆင့် ဝင်ငွေနှင့် ငွေကြေးသုံးစွဲမှု လမ်းကြောင်းများ၊ မြို့နယ်အဆင့် ငွေလုံးငွေရင်း သုံးစွဲမှုများကိုပါ ပြည့်စုံစွာဆန်းစစ်လေ့လာမှုများ ပြုလုပ်လာနိုင်ပေလိမ့်မည်။

အထက်ဖော်ပြပါ ပြဿနာများနှင့် ရှေ့နောက်မညီမှုများ ရှိနေသည့်တိုင် ရတတ်သမျှ အနည်းငယ်သော ဘတ်ဂျက်ဒေတာများဖြင့်လည်း ဘတ်ဂျက် စိစစ်လေ့လာမှုကို ကြီးမားသော အတိုင်းအတာတစ်ရပ်အထိပြုလုပ်ပြီး မူဝါဒချမှတ်ခြင်းနှင့် မူဝါဒနှင့် အများပြည်သူဆိုင်ရာ ငွေကြေးသုံးစွဲမှု ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ထိတွေ့ဆောင်ရွက်ရေးတို့တွင် အချက်အလက်များ ပံ့ပိုးပေးနိုင်ပါသေးသည်။

ရှေ့ပိုင်း မိတ်ဆက်သည့် အခန်းတွင် မီးမောင်းထိုးပြခဲ့သည့် အများပြည်သူဆိုင်ရာ ငွေကြေးသုံးစွဲမှု၏ ထိရောက်မှု၊ အကျိုးရှိမှု၊ သာတူညီမျှမှုနှင့် ပွင့်လင်းမြင်သာမှုတို့နှင့် စပ်လျဉ်းသည့် အခြေခံကျသည့် မေးခွန်းများကို ပေါ်လွင်ထင်ရှားလာစေရေးအတွက်ရည်ရွယ်၍ အောက်ပါ နယ်ပယ်အချို့တွင် ဘတ်ဂျက် စိစစ်လေ့လာမှု ပြုလုပ်နိုင်စရာရှိပါသည်။

## ပြည်ထောင်စု ဘတ်ဂျက်ဆိုင်ရာ စိစစ်လေ့လာမှု

- အများပြည်သူ ကြည့်ရှုနိုင်သည့် ပြည်ထောင်စု ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေများ (BE နှင့် RE) ကို စိစစ်လေ့လာခြင်းဖြင့် အောက်ပါတို့ကို ခြေရာခံခြင်း၊ နှိုင်းယှဉ်လေ့လာခြင်းတို့ ပြုလုပ်နိုင်သည်။
    - ကျန်းမာရေး၊ ပညာရေး၊ ဆောက်လုပ်ရေးနှင့် စိုက်ပျိုးရေး အစရှိသည့် ဝန်ကြီးဌာနများ၏ လက်အောက်ခံ ဦးစီးဌာနများမှ အဓိက ဝန်ဆောင်မှု ပြုလုပ်ပေးရန်အတွက် ရရှိသည့် စုစုပေါင်းခွဲတမ်းနှင့် ငွေကြေးသုံးစွဲမှု နှစ်အလိုက်လမ်းကြောင်းများ။
    - ပြည်နယ်များ/တိုင်းဒေသကြီးများသို့ ပြည်ထောင်စုမှ လွှဲပြောင်းပေးအပ်သည့် ထောက်ပံ့ငွေများ၏ နှစ်အလိုက် လမ်းကြောင်းများ။
- ဌာနဆိုင်ရာ ဘတ်ဂျက် ထုတ်ပြန်မှုများနှင့် အခြားဒေတာများ ရရှိနိုင်ပါက စိစစ်လေ့လာခြင်းဖြင့် အောက်ပါတို့ကို ခြေရာခံခြင်း၊ နှိုင်းယှဉ်လေ့လာခြင်းတို့ ပြုလုပ်နိုင်သည်။
    - ပြည်နယ်များ/တိုင်းဒေသကြီးများကြားရှိ ငွေကြေးသုံးစွဲမှု စုစုပေါင်းအဆင့်များ၏ လမ်းကြောင်းများ၊ သာမန်/ငွေလုံးငွေရင်း နှင့်/သို့ ဌာနအလိုက် ပိုင်းခြားပြဆိုမှုများ၊ စံနှုန်း သတ်မှတ်ချက်များနှင့် ယင်းစံနှုန်းများကို ဖော်ပြပါ နှစ်စဉ် ခွဲတမ်းရန်ပုံငွေများ သတ်မှတ်ပေးရာ၌ အသုံးပြုခြင်း။

- ဘတ်ဂျက်ထောက်ပံ့ခံ လုပ်ငန်းစဉ်များမှ နှစ်အလိုက်လမ်းကြောင်းများနှင့်/သို့ ပြည်နယ်များ/တိုင်းဒေသကြီးများကြား ဘတ်ဂျက်အစီအမံများ (BE) ကို အမှန်တကယ်အသုံးစရိတ်များ (A) ၏ ဘတ်ဂျက်များတွင် ထွက်ပေါ်လာသည့် အမှန်တကယ်ငွေကြေးသုံးစွဲမှုဖြင့် နှိုင်းယှဉ်လေ့လာခြင်း။
- ပြည်နယ်များ/တိုင်းဒေသကြီးများကြားရှိ တစ်ဦးချင်း ငွေကြေးသုံးစွဲမှု ပုံသဏ္ဍာန်များ (သတိပြုရန်မှာ ကျေးလက် ဒေသများအတွက် အလေးထားဆောင်ရွက်သည့် ဦးစီးဌာနများ၏ ငွေကြေးသုံးစွဲမှုများကို ကျေးလက်လူဦးရေများဖြင့် ဆက်စပ်ကြည့်သင့်ပြီး၊ စည်ပင်အဖွဲ့ များမှ ငွေကြေးသုံးစွဲမှုများကို မြို့နေ လူဦးရေများဖြင့် ဆက်စပ်ကြည့်သင့်ကာ၊ တဖန် ကျန်ရှိသောငွေကြေးသုံးစွဲမှုကိုမူ စုစုပေါင်းလူဦးရေဖြင့် ဆက်စပ်ကြည့်သင့်ပါသည်)။
- တစ်ဦးချင်း ငွေကြေးသုံးစွဲမှု ပုံသဏ္ဍာန်များကို သက်ဆိုင်ရာကဏ္ဍများရှိ နိုင်ငံရ ပြည်နယ်/တိုင်းဒေသကြီး ချို့တဲ့မှုမှ ရတတ်သမျှသော တိုင်းတာချက်များ (ဥပမာ ၂၀၁၇ ခုနှစ် မြန်မာနေထိုင်မှု အခြေအနေ စစ်တမ်း) နှင့် နှိုင်းစာပြီး ငွေကြေးသုံးစွဲမှု ပုံသဏ္ဍာန်များကို မည်မျှအတိုင်းအတာအထိ ရှင်းလင်းပြဆိုနိုင်သည်ကို လေ့လာခြင်း။

- MoPF လက်အောက်ခံ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ ဘတ်ဂျက်ထုတ်ပြန်မှုများနှင့် အခြားဒေတာများရရှိနိုင်ပါက စိစစ်လေ့လာခြင်းဖြင့် အောက်ပါတို့ကို ခြေရာခံခြင်း၊ နှိုင်းယှဉ်လေ့လာခြင်းတို့ ပြုလုပ်နိုင်သည်။
  - ပြည်နယ်များ/တိုင်းဒေသကြီးများသို့ ပြည်ထောင်စုမှ ရန်ပုံငွေ လွှဲပြောင်းပေးအပ်မှုများ တွက်ချက်ခြင်းနှင့် ခွဲတမ်းချခြင်းတို့၏ အခြေခံအတွက် နှစ်အလိုက် လမ်းကြောင်းများ။
  - ပြည်နယ်များ/တိုင်းဒေသကြီးများကြား ပြည်ထောင်စု တစ်ဦးကျလွှဲပြောင်းပေးအပ်သည့် ခွဲတမ်းများ၏ နှစ်အလိုက် လမ်းကြောင်းများနှင့် နှိုင်းယှဉ်မှုများ။

## ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်များဆိုင်ရာ စိစစ်လေ့လာမှု

အများပြည်သူကြည့်ရှုနိုင်သည့် ပြည်နယ်/တိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေများ (BE နှင့် RE) ၏ စိစစ်လေ့လာချက်ကို အကယ်၍ ရနိုင်ပါက ပြည်နယ်/တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန၏ ရုံးတွင်းဘတ်ဂျက် အစီရင်ခံစာများဖြင့် ဖြည့်စွက်ပြီး အောက်ပါတို့ကို ခြေရာခံခြင်း၊ နှိုင်းယှဉ်လေ့လာခြင်းတို့ ပြုလုပ်နိုင်ပါသည်။

- ဝင်ငွေကောက်ခံသည့် လုပ်ငန်းစွမ်းဆောင်မှု (ဤတွင် ချေးငွေလက်ခံရရှိမှုများ၊ CDF ထောက်ပံ့ငွေများ၊ အခွန်ဝေစုများနှင့် ပြည်နယ်/တိုင်းဒေသကြီး ဝင်ငွေများမှ အထွေထွေ ထောက်ပံ့ငွေများကို ဂရုတစိုက် ဖယ်ရှားရမည်)။ ဥပမာ -
  - ပြည်နယ်/တိုင်းဒေသကြီး တစ်ခုချင်းစီအတွင်း ကိုယ်ပိုင်ဝင်ငွေကောက်ခံမှု စုစုပေါင်းအဆင့် (နှင့် အချို့ဖြစ်ရပ်များတွင် စုပေါင်းစပ်ပေါင်း) မှ နှစ်အလိုက် လမ်းကြောင်းများ။
  - ပြည်နယ်များ/တိုင်းဒေသကြီးများကြား တစ်ဦးကျဝင်ငွေကောက်ခံရေး လုပ်ငန်းစွမ်းဆောင်မှု ဝင်ငွေအမျိုးအစားအလိုက် နှိုင်းယှဉ်ခြင်း (ဤသို့သော စိစစ်လေ့လာမှုများတွင် စည်ပင်အဖွဲ့၏ တစ်ဦးကျဝင်ငွေများကို မြို့နေလူဦးရေများသို့သာ ဆက်စပ်ကြည့်သင့်သည်ကို သတိပြုပါ။)
- စုစုပေါင်း သို့ သာမန် သို့ ငွေလုံးငွေရင်း သုံးစွဲမှု (ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီး ဘတ်ဂျက် စာရင်းများမှ 'ချေးငွေ အသုံးစရိတ်များ' ကို ဂရုတစိုက် ဖယ်ရှားရမည်) ဥပမာ -
  - ပြည်နယ်/တိုင်းဒေသကြီး တစ်ခုချင်းစီအတွင်းရှိ စုစုပေါင်း ငွေကြေးသုံးစွဲမှုအဆင့်များမှ နှစ်အလိုက် လမ်းကြောင်းများနှင့် ဌာနအလိုက် ပိုင်းခြားပြဆိုမှု။
  - ပြည်နယ်များ/တိုင်းဒေသကြီးများကြား ဘတ်ဂျက်အစီအမံများ (BE) ဆိုင်ရာ နှစ်အလိုက်လမ်းကြောင်းများနှင့်/သို့ နှိုင်းယှဉ်မှုများကို အမှန်တကယ် အသုံးစရိတ်ဘတ်ဂျက်စာရင်းများ (A) မှ ထွက်ပေါ်လာသည့် အမှန်တကယ် ငွေကြေးသုံးစွဲမှုနှင့် ချိန်ထိုးကြည့်ခြင်း။
  - ပြည်နယ်များ/တိုင်းဒေသကြီးများကြားမှ ဌာနအလိုက် ပိုင်းခြားပြထားသည့် ငွေကြေးသုံးစွဲမှု ပုံသဏ္ဍာန်များကို နှိုင်းယှဉ်လေ့လာမှုများ ပြုလုပ်ခြင်း။
  - ပြည်နယ်များ/တိုင်းဒေသကြီးများကြားရှိ စုစုပေါင်းနှင့် ဌာနအလိုက် တစ်ဦးချင်းစီ ငွေကြေးသုံးစွဲမှု ပုံသဏ္ဍာန်များကို နှိုင်းယှဉ်မှုများ ပြုလုပ်ခြင်း (သတိပြုရန်မှာကျေးလက်ဒေသများအတွက်အလေးထားဆောင်ရွက်သည့်ဦးစီးဌာနများ၏ငွေကြေးသုံးစွဲမှုများကိုကျေးလက်လူဦးရေများဖြင့် ဆက်စပ်ကြည့်သင့်ပြီး၊ စည်ပင်အဖွဲ့ များမှ ငွေကြေးသုံးစွဲမှုများကို မြို့နေ လူဦးရေများဖြင့် ဆက်စပ်ကြည့်သင့်ကာ၊ တဖန်ကျန်ရှိသော ငွေကြေးသုံးစွဲမှုကိုမူ စုစုပေါင်းလူဦးရေဖြင့် ဆက်စပ်ကြည့်သင့်ပါသည်)
  - အဆိုပါ စုစုပေါင်းနှင့် ကဏ္ဍအလိုက် တစ်ဦးချင်းငွေကြေးသုံးစွဲမှု ပုံသဏ္ဍာန်များကို သက်ဆိုင်ရာကဏ္ဍများမှ (ဥပမာ အာရှဖောင်ဒေးရှင်း 'မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းများ' ဒေတာဘေ့စ်မှ) ရတတ်သမျှသော နိုင်ငံရ ပြည်နယ်/တိုင်းဒေသကြီး ချို့တဲ့မှုနှင့် ချိန်ထိုးကြည့်ပြီး ငွေကြေးသုံးစွဲမှု ပုံသဏ္ဍာန်များ မည်မျှအတိုင်းအတာအထိ ကျိုးကြောင်းဆီလျော်မှုရှိသည်ကို ဆုံးဖြတ်ခြင်း။
- သို့မှသာ ပျမ်းမျှ သို့ အလယ်ကိန်း တန်ဖိုးများသာမက တန်ဖိုးများ၏ ကွာဟချက်ဘောင်ကို အဆုံးအဖြတ်ပေးနိုင်ရန်အတွက် နှိုင်းယှဉ်လေ့လာသည့် တစ်ဦးချင်းဝင်ငွေ သို့မဟုတ် အသုံးစရိတ် စိစစ်လေ့လာမှုရလဒ်များကို 'ကွာဟချက် စိစစ်လေ့လာမှု' တွင် ထည့်သွင်းအသုံးပြုနိုင်မည် ဖြစ်သည်။

## မြို့နယ်စီမံကိန်းများဆိုင်ရာစိစစ်လေ့လာမှု

မြို့နယ် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ငွေကြေးသုံးစွဲမှုကို စိစစ်လေ့လာခြင်းဖြင့် အောက်ပါတို့ကိုခြေရာခံခြင်း၊ နှိုင်းယှဉ်လေ့လာခြင်းတို့ ပြုလုပ်နိုင်သည်။

- ငွေကြေးသုံးစွဲမှု စုစုပေါင်းအဆင့်များမှ နှစ်အလိုက် လမ်းကြောင်းများ (သို့တည်းမဟုတ် ပြည်နယ်/တိုင်းဒေသကြီး သို့ ပြည်ထောင်စု ဘတ်ဂျက်မှ ငွေကြေးသုံးစွဲမှုတစ်ခုတည်း) နှင့် မြို့နယ်တစ်ခုချင်းစီအတွက် သို့ ပြည်နယ်များ/တိုင်းဒေသကြီးများအတွင်းမှ နမူနာ မြို့နယ်များအတွက် ဌာနအလိုက် ပိုင်းခြားတင်ပြမှု။
- မြို့နယ်များကြားမှ ပြည်ထောင်စု ငွေကြေးသုံးစွဲမှု ပုံသဏ္ဍာန်များကို စုစုပေါင်း သို့ ဌာနဆိုင်ရာ သို့ ပြည်နယ်/တိုင်းဒေသကြီးအလိုက် နှိုင်းယှဉ်မှုများ ပြုလုပ်ခြင်း။
- မြို့နယ်များကြားရှိ တစ်ဦးချင်း ပြည်ထောင်စု ငွေကြေးသုံးစွဲမှု ပုံသဏ္ဍာန်များကို တစ်ခုတည်းသော ပြည်နယ်/တိုင်းဒေသကြီးအတွင်း သို့မဟုတ် မတူညီသော ပြည်နယ်များ/တိုင်းဒေသကြီးများ အချင်းချင်း စုစုပေါင်း သို့ ဌာနဆိုင်ရာ သို့ ပြည်နယ်/တိုင်းဒေသကြီးအလိုက် စိစစ်လေ့လာမှု ပြုလုပ်ခြင်း။ (သတိပြုရန်မှာ စည်ပင်အဖွဲ့များမှ ငွေကြေးသုံးစွဲမှုများကို မြို့နေ လူဦးရေများဖြင့် ဆက်စပ်ကြည့်သင့်ပြီး၊ MoALI သို့ MoNREC သို့ DRRD တို့၏ ငွေကြေးသုံးစွဲမှုများကို ကျေးလက်လူဦးရေများဖြင့် ဆက်စပ်ကြည့်သင့်ကာ၊ ကျန်ရှိသော ငွေကြေးသုံးစွဲမှုကိုမူ စုစုပေါင်းလူဦးရေဖြင့် ဆက်စပ်ကြည့်သင့်ပါသည်)။
- အဆိုပါ စုစုပေါင်းနှင့် ကဏ္ဍအလိုက် တစ်ဦးချင်း ငွေကြေးသုံးစွဲမှု ပုံသဏ္ဍာန်များကို သက်ဆိုင်ရာကဏ္ဍများမှ (ဥပမာ ၂၀၁၇ ခုနှစ် မြန်မာနေထိုင်မှု အခြေအနေ စစ်တမ်းမှ) ရတတ်သမျှသော နိုင်ငံရ ပြည်နယ်/တိုင်းဒေသကြီး ချို့တဲ့မှုနှင့် ချိန်ထိုးကြည့်ပြီး ယင်းငွေကြေးသုံးစွဲမှု ပုံသဏ္ဍာန်များ မည်မျှအတိုင်းအတာအထိ ကျိုးကြောင်းဆီလျော်မှု ရှိသည်ကို ဆုံးဖြတ်ခြင်း။
- သို့မှသာ ပျမ်းမျှ သို့ အလယ်ကိန်း တန်ဖိုးများသာမက တန်ဖိုးများ၏ ကွာဟချက်ဘောင်ကို အဆုံးအဖြတ်ပေးနိုင်ရန်အတွက် နှိုင်းယှဉ်လေ့လာသည့် တစ်ဦးချင်းဝင်ငွေ သို့မဟုတ် အသုံးစရိတ် စိစစ်လေ့လာမှု ရလဒ်များကို 'ကွာဟချက် စိစစ်လေ့လာမှု' တွင် ထည့်သွင်းအသုံးပြုနိုင်မည် ဖြစ်သည်။

# ဘတ်ဂျက်စိစစ်လေ့လာချက်ကို မည်ကဲ့သို့အကောင်းဆုံးအသုံးချနိုင်မည်နည်း?

အရပ်ဖက် အဖွဲ့အစည်းအနေနှင့်သာမက အစိုးရအတွက်ပါ ဘတ်ဂျက် စိစစ်လေ့လာမှုကို အသုံးပြုပြီး မူဝါဒနှင့် အများပြည်သူဆိုင်ရာ ငွေကြေးသုံးစွဲမှု အရည်အသွေး တိုးတက်လာစေရန်နှင့် ၎င်းကိစ္စရပ်များကို အပြုသဘောဆောင်သည့် ထိတွေ့ဆောင်ရွက်မှုမျိုးပြုလုပ်ရန် အရေးပါသော အခွင့်အလမ်းများ ရှိနေပါသည်။

## ဘတ်ဂျက်စိစစ်လေ့လာမှုများအသုံးပြုခြင်းဆိုင်ရာအကြံပြုချက်

အထက်တွင် အကြံပြုခဲ့သည့် ဘတ်ဂျက် စိစစ်လေ့လာမှုများကို မိတ်ဆက်အပိုင်းတွင် ဖော်ပြခဲ့သည့် ပြည်သူ့ငွေကြေးသုံးစွဲမှုဆိုင်ရာ အခြေခံကျသော မေးခွန်းများ ဖြေကြားရာ၌ အခြေခံအဖြစ် အောက်ပါအတိုင်း အသုံးပြုနိုင်ပါသည်။

### *အရပ်ဖက်လူ့အဖွဲ့အစည်း*

ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင်ဖြစ်စေ ပြည်ထောင်စုအဆင့်တွင်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်နေကြသည့် အရပ်ဖက်အဖွဲ့အစည်း ဇာတ်ကောင်များအနေဖြင့် ဘတ်ဂျက်စိစစ်လေ့လာမှုကို သက်ဆိုင်ရာကဏ္ဍများတွင်

- အဖွဲ့အစည်းအပြင်ဘက်၌ အသုံးပြုနိုင်ပါသည်။ ဆိုလိုသည်မှာ အစိုးရနှင့် ထိတွေ့ဆောင်ရွက်ခြင်း (ပြည်နယ်/တိုင်းဒေသကြီး သို့မဟုတ် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များ သို့ ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးအဖွဲ့ဝင်များ သို့ ပြည်နယ်/တိုင်းဒေသကြီး သို့မဟုတ် ပြည်ထောင်စုအဆင့် ဦးစီးဌာနအဆင့်မြင့် အရာရှိကြီးများ)။ ဥပမာ CSO များ (သို့မဟုတ်) သုတေသန အဖွဲ့အစည်းများ (သို့မဟုတ်) သတင်းမီဒီယာ အဖွဲ့အစည်းများ အနေဖြင့် အစိုးရနှင့် ပူးတွဲလုပ်ဆောင်မှုများကို တိုးမြှင့်လာနိုင်စရာ ရှိပါသည်။
  - တစ်ခုသော ကဏ္ဍ သို့ နယ်ပယ်မှ ရုံးတွင်းဘတ်ဂျက်ဒေတာရင်းမြစ်များကို တောင်းခံရရှိရေးအတွက် အခြေခံတစ်ရပ်အနေဖြင့် ပဏာမအဆင့် မေးခွန်းထုတ်ခြင်း သို့ စိတ်ပူပင်မှုကို ထုတ်ဖော်ခြင်း (ဥပမာ ငွေကြေးသုံးစွဲမှု အရည်အသွေးနှင့် စပ်လျဉ်း၍) နှင့် ဘတ်ဂျက် စိစစ်လေ့လာမှု ပြုလုပ်ရန် လိုအပ်ကြောင်း အကြံပြုခြင်း။
  - ရတတ်သမျှသော ဘတ်ဂျက်ဒေတာများကို ဖြစ်နိုင်ပါက တိုက်ရိုက်သက်ဆိုင်သည့် အစိုးရအရာရှိများနှင့်ပူးပေါင်း၍ စိစစ်လေ့လာမှု ပြုလုပ်ခြင်း။

- ဘတ်ဂျက် စိစစ်လေ့လာမှုမှ ထွက်ပေါ်လာသည့် တွေ့ရှိချက်များကိုဆွေးနွေးရန် အစိုးရနှင့် အခြားသက်ဆိုင်သူများ ပါဝင်သည့် ဖိုရမ်တစ်ရပ် ကျင်းပပြုလုပ်ခြင်း။

  သို့တည်းမဟုတ် ပိုမို၍အထူးပြုလုပ်ဆောင်သော CSO များ (သို့မဟုတ်) သုတေသနအေဂျင်စီများအနေဖြင့် အရေးကြီးသော အရာရှိများ (ဥပမာ လွှတ်တော်အဖွဲ့ဝင်များ) သို့မဟုတ် သတင်းမီဒီယာဝန်ထမ်းများကို အခြေခံကျသော ဘတ်ဂျက်စိစစ်လေ့လာမှုနှင့် ပတ်သက်၍ လေ့ကျင့်သင်ကြားပေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်မှုရှိလာအောင် ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်စရာ ရှိပါသည်။

- အဖွဲ့အစည်း အတွင်းဘက် ၌ အသုံးပြုနိုင်ပါသည်။
  - ရုံးတွင်းလုပ်ငန်းစွမ်းဆောင်ရည်များ တည်ဆောက်နိုင်ရန် အလို့ငှာ CSO တစ်ခုချင်းစီအတွင်းရှိ ဝန်ထမ်းများကြားတွင် နားလည်မှုနှင့် အကျွမ်းဝင်မှုမြင့်မားလာစေရန်နှင့်၊ ကဏ္ဍဆိုင်ရာမူဝါဒနှင့် ဘတ်ဂျက်ရေးရာ ကိစ္စရပ်များကို ကိုင်တွယ်နိုင်သည့် အနေအထားသို့ ရောက်ရှိရေးတွင် အထောက်အကူဖြစ်စေရန်။
  - ဘုံအားဖြင့် စိတ်ပူပန်လျက်ရှိသည့် မူဝါဒရေးရာကိစ္စရပ်များတွင် ညှိနှိုင်းဆောင်ရွက်မှု တိုးမြှင့်ရန်နှင့် ဘုံရပ်တည်ချက်ရရှိရန်အတွက် မတူညီသော CSO များကြားနားလည်မှုနှင့် အကျွမ်းဝင်မှု မြင့်မားလာစေရန်။

## အစိုးရ

- ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော် အဖွဲ့ဝင်များ၊ အထူးသဖြင့် ပြည်သူ့ငွေစာရင်းများနှင့် သက်ဆိုင်ရာ ကော်မတီများတွင် ပါဝင်ကြသူများအနေဖြင့် ဘတ်ဂျက် စိစစ်လေ့လာမှုကိုအသုံးပြုပြီး ဘတ်ဂျက်အဆိုပြုလွှာများ တင်သွင်းလာသည့်အခါ အစိုးရအရာရှိများကို ပိုမိုထိရောက်စွာ စစ်ဆေးမှု ပြုလုပ်ပြီး၊ ဘတ်ဂျက်အကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ် ပုံမှန်စောင့်ကြည့် လေ့လာမှုပြုရာ၌လည်း အစိတ်အပိုင်းတစ်ရပ်အနေဖြင့် အသုံးပြုလာနိုင်လိမ့်မည်။
- အလားတူပင် ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးအဖွဲ့ဝင် ဝန်ကြီးများနှင့် (စီမံကိန်းနှင့် ရသုံးမှန်းခြေ ငွေစာရင်း ဦးစီးဌာန အစရှိသည်တို့မှ) အဆင့်မြင့် အရာရှိကြီးများ အနေဖြင့်လည်း ဘတ်ဂျက် စိစစ်လေ့လာမှုကို စီမံကိန်းနှင့် ဘတ်ဂျက် အသုံးပြုမှုဆိုင်ရာ နှစ်စဉ် သုံးသပ်စစ်ဆေးခြင်း၊ ကဏ္ဍအလိုက် ဘဏ္ဍာငွေသတ်မှတ်ချက်များပြုလုပ်ပေးခြင်းနှင့် ရွေးချယ်ထားသောလျှောက်လွှာများကိုနောင်လာမည့်နှစ်ဘတ်ဂျက်တွင်ထည့်သွင်းပေးခြင်းတို့တွင် အသုံးပြုလာနိုင်စရာပါသည်။

# စိန်ခေါ်မှုများနှင့် အကြံပြုချက်များမှာ အဘယ်နည်း?

ဘတ်ဂျက်စိစစ်လေ့လာမှု၏ စွမ်းရည်ကို အကုန်အစင်အသုံးပြုနိုင်ရန်အတွက်မူ အခက်အခဲများနှင့် ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုလုပ်စရာများ ရှိနေပါသေးသည်။

မြန်မာနိုင်ငံတွင် ဘတ်ဂျက်စိစစ်လေ့လာမှု နယ်ပယ်အတွက် အကန့်အသတ်များစွာရှိနေပြီး ၎င်းတို့မှာ အထက်တွင်တင်ပြခဲ့သည့် အကြောင်းအရာ ပေါင်းစုံမှ ထွက်ပေါ်လာကြခြင်း ဖြစ်သည်။

## ဘတ်ဂျက်ဒေတာများ ရရှိနိုင်မှု

- အခြေခံအကျဆုံးအနေဖြင့် (ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေများနှင့် Citizen budget များမှတစ်ဆင့်) အများပြည်သူ ကြည့်ရှုနိုင်သည့် ဘတ်ဂျက်ဒေတာ ပမာဏမှာ လွန်စွာနည်းပါးပြီး တပေါင်းတစည်းတည်း ဖြစ်နေသည့်အပြင် အများအားဖြင့် နှစ်ကုန်ခါနီး အတော်နောက်ကျမှ ထွက်ပေါ်လာတတ်သည်။ ထို့အပြင်လည်း ၎င်းဒေတာများမှာ pdf ဖိုင်ပုံစံဖြင့်သာရှိသည့်အတွက် စိစစ်လေ့လာမှု ပြုမည်ဆိုပါက Excel ဖိုင်အတွင်း ပြန်လည် ဖြည့်သွင်းရပြန်သည်။
- လက်ရှိတွင် ခြေခြေမြစ်မြစ် စိစစ်လေ့လာမှု ပြုလုပ်ရန်လိုအပ်သည့် အသေးစိတ် ဒေတာအချက်အလက်များကို သက်ဆိုင်ရာဌာနများမှ တရားဝင် တောင်းခံ၍ အသုံးပြုနေကြရာဝယ် တောင်းခံသော ဒေတာရရှိရန် အာမခံချက်မရှိပါ။

### အကြံပြုချက်များ

ရေတို။ MoPF နှင့် ထိတွေ့ဆက်ဆံပြီး အောက်ပါတို့ကို ထုတ်ပြန်ပေးရန်

- ပြည်ထောင်စု BE နှင့် အခြားသော ထုတ်ပြန်ချက်များကို အုပ်ချုပ်ရေးနှင့် လုပ်ငန်းဆောင်ရွက်မှုအလိုက် အုပ်စုခွဲ၍ အသေးစိတ် အချက်အလက်ဖြင့် ထုတ်ပြန်ပေးရန်။
- လျာထား/ရှေ့ပြေး "A" ဘတ်ဂျက်ရလဒ်ဒေတာများကို မြန်နိုင်သမျှ အမြန်ထုတ်ပြန်ပေးရန်။
- ဖော်ပြပါ ပြည်ထောင်စု ဘတ်ဂျက်ဆိုင်ရာ ထုတ်ပြန်ချက်များအားလုံးကို Excel ဖိုင်ဖြင့်ပါ ထုတ်ပြန်ပေးရန်။

ရေလတ်။ နားလည်မှုလွဲမှားခြင်း မရှိစေရန်အတွက် ပိုမိုအသေးစိတ်သော ဘတ်ဂျက် ဒေတာများနှင့်/သို့ အဆိုပါ ဒေတာများကို ထုတ်ပြန်နိုင်သည့် ပိုမိုရှင်းလင်းသော စည်းမျဉ်းစည်းကမ်းနှင့် ညီညွတ်သည့် ဌာနဆိုင်ရာနှင့် ပြည်နယ်/တိုင်းဒေသကြီး အခွင့်အာဏာများ ထုတ်ပြန်ပေးနိုင်ရန် အလို့ငှာ MoPF အပြင် အဓိက ကဏ္ဍဆိုင်ရာ ဝန်ကြီးဌာနများနှင့် ထိတွေ့ဆက်ဆံရန်။

## ဒေတာများ၏ရှင်းလင်းမှု၊ တသမတ်တည်းဖြစ်မှုနှင့် နှိုင်းယှဉ်နိုင်စွမ်း

- ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်ဒေတာများသည် အမြဲတစေပြည့်စုံမှုမရှိသကဲ့သို့ တသမတ်တည်းလည်း မဖြစ်သည့်အတွက် လွယ်လင့်တကူ နှိုင်းယှဉ်၍မရချေ။ တခါတရံဒေတာများကို ပျောက်ကန်မှုမရှိသည့် စာရင်းခေါင်းစဉ်အောက်တွင် ထည့်သွင်းတတ်သေးသည့်အတွက် အချို့သော ဒေတာ ဖြည့်သွင်းမှုများကိုစိစစ်ဆေးရန် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ မကြာခဏဆိုသလို တောင်းခံမှု ပြုရသည်။
- အပိုင်း ၁ ပါ အစိုးရငွေစာရင်းတွင် ပြည်နယ်/တိုင်းဒေသကြီး ငွေလုံးငွေရင်းဘတ်ဂျက်မှ ကြီးစွာသောပမာဏကို မှတ်တမ်းတင်ခြင်းကြောင့် အခက်အခဲတစ်ရပ် ဖြစ်ပေါ်လာသည်။ ဤသို့ဖြစ်ပွားရခြင်းမှာ တစ်ခါတစ်ရံ အစိုးရအနေဖြင့် ကဏ္ဍတစ်ရပ် (ဥပမာ ကျေးလက်ရေရရှိရေး) တွင် ရန်ပုံငွေ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လိုသော်လည်း သက်ဆိုင်ရာကဏ္ဍမှ ဦးစီးဌာနတွင် ပြည်နယ်/တိုင်းဒေသကြီး ငွေစာရင်းမရှိခြင်းကြောင့် ဖြစ်ပေါ်လာဟန်ရှိပြီး (ဥပမာ DRD)၊ တစ်ခါတစ်ရံ၌မူ အဆိုပါ ရန်ပုံငွေများကို ခေတ္တဆိုင်းထားသည့် ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်များအတွက် ဖယ်ထားပြီး၊ နောင်မှသာ ကဏ္ဍအလိုက် ဦးစီးဌာန၏ ငွေစာရင်းများသို့ လွှဲပြောင်းပေးခြင်းကြောင့် ဖြစ်ဟန်တူသည်။
- သာမန် ဘတ်ဂျက်ဒေတာများတွင် ဝန်ထမ်းရေးရာ ငွေကြေးသုံးစွဲမှုမှသည် လုပ်ငန်းဆောင်ရွက်မှု၊ ထိန်းသိမ်းမှုတို့အထိ သီးခြားစီ ပိုင်းခြားပြဆိုထားခြင်း မရှိသည့်အတွက် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်မှ ကြီးမားသောပမာဏတစ်ရပ်အပေါ် ခြေခြေမြစ်မြစ် စိစစ်လေ့လာမှု ပြုလုပ်ရေး၌ အဟန့်အတား ဖြစ်စေသည်။

### အကြံပြုချက်များ

ဖော်ပြပါ ပြဿနာရပ်များကို ဖြေရှင်းနိုင်ရန်အတွက် ဘတ်ဂျက်ဒေတာများတင်ပြရာ၌ ပိုမို၍ တသမတ်တည်းဖြစ်ပြီး အသေးစိတ်ပါရှိစေရန် အလို့ငှာ ပြည်နယ်/တိုင်းဒေသကြီးအဆင့် ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနများသို့ လမ်းညွှန်ချက်အသေးစိတ်နှင့် တင်ပြပုံစံသတ်မှတ်ချက်တို့ကို ထုတ်ပြန်ပေးရန် MoPF ကို တိုက်တွန်းသင့်သည်။

## ပြည်နယ်/တိုင်းဒေသကြီး၏ အောက်အဆင့်တွင် ဘတ်ဂျက်ပိုင်းခြားထားမှု မရှိခြင်း

နောက်ဆုံးအနေဖြင့် ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စုတို့ကို ဘတ်ဂျက်ပေးရမည့် အစိတ်အပိုင်းများအဖြစ် အသိအမှတ်မပြုထားခြင်းကြောင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်အောက် (မြို့တော်စည်ပင်များနှင့် စည်ပင်အဖွဲ့များမှအပ) အရပ်ဒေသပိုင်းခြားမှုအလိုက် ဘတ်ဂျက် စိစစ်လေ့လာမှု အတိုင်းအတာတစ်စုံတစ်ရာ ပြုလုပ်ရန် ခက်ခဲလျက်ရှိသည်။ ပြည်နယ်များ/တိုင်းဒေသကြီးများဟူသည် နှိုင်းယှဉ်လေ့လာမှု ပြုလုပ်ရန်အတွက် ကြီးမားလွန်းလှသည့် ယူနစ်များဖြစ်သည်ကို သတိပြုရန် လိုအပ်ပါသည်။ အခြားများစွာသော အာရှနိုင်ငံများတွင် မြို့နယ်ထက်ပင် ပိုမိုသေးငယ်သည့် ဒေသန္တရအစိုးရ ဘတ်ဂျက် အစိတ်အပိုင်းများရှိပြီး ၎င်းတို့အတွက် ဘတ်ဂျက်စိစစ်လေ့လာမှုကို ပြုလုပ်နိုင်သည်။

မြို့နယ် စီမံကိန်းများ မှနေ၍ ၎င်းအဆင့်ရှိ ငွေလုံးငွေရင်း ဘတ်ဂျက်သုံးစွဲမှုအပေါ် စိစစ်လေ့လာမှု ပြုနိုင်သော်လည်း ယင်းဒေတာများတွင် ပြည်နယ်/တိုင်းဒေသကြီးတစ်ခုလုံးစာ ဖြစ်နိုင်ဖွယ်ရှိသည့် ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ ငွေကြေးသုံးစွဲမှုများကို မြို့နယ်တစ်ခုတည်းအတွက် ဖြည့်သွင်းထားသည့်အတွက် (ယင်းတို့မှာ "မြို့နယ်အဆင့်" ရင်းနှီးမြှုပ်နှံမှုများပင် အမြဲတစေဖြစ်လေ့မရှိ) ပါဝင်နေသည့် ကိန်းဂဏန်းများ အတော်အတန် မှားယွင်းလျက်ရှိသည်။ သာမန်ဘတ်ဂျက်အတွက်မူ မည်သို့သော မြို့နယ်အဆင့် စိစစ်လေ့လာမှုမျိုးကိုမှ ပြုလုပ်ရန် မဖြစ်နိုင်ပေ။ သို့သော်လည်း နေရာဒေသလျာထားချက်ပါသည့် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုများနှင့် ကွဲပြားစွာပင် များစွာသောဝန်ထမ်းရေးရာ အသုံးစရိတ်များ (ဥပမာ ပြည်နယ်/တိုင်းဒေသကြီး သို့ ခရိုင် အုပ်ချုပ်ရေးများ

အတွင်းမှ) သည် သက်ဆိုင်ရာ မြို့နယ်အလိုက် အဆင်ပြေစွာ ချိတ်ဆက်နေလိမ့်မည် မဟုတ်သည့်အတွက် ဤသို့သော ပိုင်းခြားပြဆိုမှုမျိုးကို ပြုလုပ်ရန် အတွက် ခက်ခဲပေလိမ့်မည်။

### အကြံပြုချက်များ

စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနအောက်ရှိ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနနှင့်အတူ စူးစမ်းလေ့လာပြီး သာမန်ဘတ်ဂျက်ကို ငွေလုံးငွေရင်း ဘတ်ဂျက်ဆိုင်ရာ 'မြို့နယ် စီမံကိန်းများ' နှင့် အလားတူ မြို့နယ်အလိုက် ပိုင်းခြားပြီး ထုတ်ပြန်ရေး၌ ပြည်နယ်/တိုင်းဒေသကြီးအဆင့် ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနများကို (သင့်တော်သည့် ဦးစီးဌာနအချို့အတွက်သာ အကန့်အသတ်နှင့် အကျိုးဖြစ်ထွန်းစေသည့်တိုင်) အကူအညီပေးရန်။

The Asia Foundation

The Asia Foundation is a nonprofit international development organization committed to improving lives across a dynamic and developing Asia. Working through our offices in 18 countries and informed by deep local expertise and six decades of experience, we address the critical issues affecting Asia in the 21st century by: strengthening governance, expanding economic opportunity, increasing environmental resilience, empowering women, and promoting international cooperation.

To request copies of the report, please contact country.myanmar.general@asiafoundation.org.
We also welcome your feedback on the report.